# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၀၀၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဘုရားကိုးဆူကို မိုးကြိုးလွှဲတပ်ဆင်လျက်ရှိရာ ဘုရားလေးဆူ မိုးကြိုးလွှဲတပ်ဆင်ပြီးဖြစ်

ညောင်ဦး အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဘုရားကိုးဆူကို မိုးကြိုးလွှဲတပ်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မိုးကြိုးလွှဲတပ်ဆင်ပြီး ဘုရားလေးဆူ ပြီးစီးသွားပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံက သိရသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

## နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အောက်တိုဘာ ၆ ရက်နေ့အထိ နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ *စာမျက်နှာ ၄ ကော်လံ ၁* ✳




ယနေ့ ဖတ်စရာ



**FPTP စနစ်ချည်းသာလော ... PR စနစ်ကိုလည်း ပါစေချင်ပါသည်**

ဆောင်းပါး | စာ ၁၀

**သားစဉ်မြေးဆက် အကျိုးဖြစ်မည့် သန်းခေါင်စာရင်း**

ဆောင်းပါး | စာ ၆

**ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို ပိတ်သိမ်းသည့် ပထမဆုံး ဂျီ ၇ အဖွဲ့ဝင်နိုင်ငံ ဗြိတိန်ဖြစ်လာ**

နိုင်ငံတကာသတင်း | စာ ၁၃

**ရေစကြိုမြို့နယ်၌ ဝါသီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ**

စီးပွားရေးသတင်းများ | စာ ၁၄


ပြည်လုံးကျွတ်သန်းခေါင်စာရင်း တတိယနေ့ ကောက်ယူနေပါသည်။

# ခရီးသွားဖွံ့ဖြိုး စီးပွားတိုးတက်

အပန်းဖြေရန်အတွက်၊ ပျော်ရွှင်မှုအတွက်၊ လုပ်ငန်းကိုင်ငန်း စီးပွားရေးအတွက် စသည်ဖြင့် ကမ္ဘာအနှံ့ ခရီးသွားလာကြခြင်းကို အကြောင်းပြု၍ ခရီးသွားလုပ်ငန်းများ ပေါ်ပေါက်လာသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရှာဖွေနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ အခြားလုပ်ငန်းများကိုပါ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည်ဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် တတိယမြောက် ဝင်ငွေအများဆုံး ရှာဖွေပေးနေသည့် လုပ်ငန်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ၏ ၁၀ ဒသမ ၃ ရာခိုင်နှုန်းကို ခရီးသွားလုပ်ငန်းက ဖန်တီးပေးလျက်ရှိရာတွင် သဘာဝသယံဇာတများ ကုန်ခန်းသွားခြင်းမရှိဘဲ ဝင်ငွေများများရရှိနိုင်ခြင်းကြောင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများကရော ဖွံ့ဖြိုးပြီးနိုင်ငံများကပါ ခရီးသွားလုပ်ငန်းကို အလေးထားလုပ်ကိုင်ကြသည်။ ၎င်းတို့နိုင်ငံများရှိ ခရီးသွားလုပ်ငန်းဆွဲဆောင်မှုများကို နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားသိရှိလာစေရန် မီဒီယာနည်းလမ်းမျိုးစုံဖြင့် ဈေးကွက်မြှင့်တင်ကြသည်။ ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအားလုံးတို့တွင် ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်ခဲ့ရသည်။ ကပ်ရောဂါပျံ့နှံ့မှုအရှိန်မြင့်တက်နေစဉ်ကာလအတွင်း ခရီးသွားလာမှုများ ကန့်သတ်ထားပြီး မြို့ရွာများ လော့ဒေါင်းချခံရသဖြင့် ခြေချုပ်ကျသကဲ့သို့ ခံစားခဲ့ကြရသော ကမ္ဘာ့လူသားသန်းပေါင်းများစွာတို့မှာ ကိုဗစ်-၁၉ ရောဂါကို စတင်ထိန်းချုပ်လာနိုင်သည့်အချိန်တွင် ကမ္ဘာအနှံ့ ခရီးလှည့်လည်ခြေဆန့်ကြရန် စိတ်အားထက်သန်လာကြသည်။ ကိုဗစ်-၁၉ အလွန် နိုင်ငံများစွာတို့တွင် အခြားစီးပွားရေးလုပ်ငန်းများထက် ခရီးသွားလုပ်ငန်းက လျင်လျင်မြန်မြန် နာလန်ထလာနိုင်ကြသည်။

မိမိတို့နိုင်ငံသည် ခရီးသွားလုပ်ငန်းအမျိုးမျိုးလုပ်ကိုင်ရန်အတွက် အရင်းအမြစ်ကောင်းများစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးများစွာတို့၏ အသွေးအရောင်များပြားစုံလင်လှစွာသော ယဉ်ကျေးမှုများ၊ ကွဲပြားခြားနားသည့် မြင်ကွင်းများနှင့် သဘာဝရေမြေတောတောင်များ၊ ရှေးဟောင်းအမွေအနှစ်များနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များ စသည်ဖြင့် ပြည်တွင်းပြည်ပခရီးသွားများ လည်ပတ်စရာ ခရီးစဉ်ဒေသများစွာရှိသည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော် မြန်မာနိုင်ငံသို့ဝင်ရောက်ခဲ့ကြပြီး ယခုနှစ် ပထမငါးလအတွင်း ခရီးသွားငါးသိန်းကျော် ဝင်ရောက်ခဲ့ရာ ယခင်နှစ်ကထက် ခရီးသည်ပိုမိုဝင်ရောက်လာနိုင်သည့်အခြေအနေပင်ဖြစ်သည်။ အကယ်၍သာ နိုင်ငံတစ်ဝန်း အေးချမ်းသာယာမည်၊ လုံခြုံမှု တည်ငြိမ်မှု အပြည့်အဝရရှိမည်ဆိုပါက ယင်းထက်အဆများစွာ ဝင်ရောက်လာကြမည်၊ ခရီးစဉ်ဒေသများတွင် ခရီးသွားဧည့်သည်များ စည်ကား၍ ဒေသခံပြည်သူများ အလုပ်အကိုင် စီးပွားပွင့်လန်းကြမည်ဟု မျှော်လင့်နိုင်သည်။ ခရီးသွားလုပ်ငန်းများ အောင်မြင်မှုမှတစ်ဆင့် ဒေသများ လျင်လျင်မြန်မြန် ပိုမိုဖွံ့ဖြိုးလာနိုင်မည်လည်းဖြစ်သည်။ လက်ရှိအခြေအနေတွင် တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများ၊ ငြိမ်းချမ်းရေး မတည်ဆောက်နိုင်သည့်ဒေသများမှာ ခရီးသွားလုပ်ငန်းသည် မျှော်လင့်၍မရသေးသည့် အနေအထားပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားခဲ့ရာ "ဝန်ကြီးဌာနနှင့် ခရီးသွားအဖွဲ့အစည်းများအနေဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသည် လုံခြုံစိတ်ချဘေးအန္တရာယ်ကင်းစွာ သွားလာလည်ပတ်နိုင်သည့် ပကတိအခြေအနေမှန်များကို ခရီးသွားဧည့်သည်များထံ အချိန်တိုတိုအတွင်း ထိထိရောက်ရောက် သိရှိစေမည့်နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရန်လိုအပ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ ပွင့်လန်းလာသည်နှင့်အမျှ ဒေသစီးပွား၊ နိုင်ငံ့စီးပွားမြင့်မားမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ရာ ဒေသများ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ကြရေး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် ( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါ်ဝင်းဝင်းမော်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးကြည်ဇင်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃ - ၁၀ -၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၅ | ၃၂၁၅ | ၃၁၉၀ | ၃၁၄၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၀ | ၃၁၈၅ | ၃၃၂၀ | ၃၃၅၀ | ၃၂၁၅ | ၃၂၂၀ | ၃၂၅၀ | ၃၂၄၀ | ၃၂၆၅ | ၃၆၅၅ | ၄၆၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၉၅ | ၃၃၅၀ | ၃၄၇၅ | ၃၅၀၅ | ၃၃၆၀ | ၃၃၇၅ | ၃၄၀၅ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၀ | ၄၈၀၀ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၆၅ | ၂၆၄၀ | ၂၅၉၅ | ၂၆၆၅ | ၂၆၀၀ | ၂၆၉၀ | ၂၆၄၅ | ၂၇၇၀ | ၂၈၀၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၆၉၀ | ၂၇၀၀ | ၃၁၀၅ | ၄၆၀၀ |
| HSD (50 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၈၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |
| HSD (10 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၈၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၇၃ | ၃၀၆၆ |
| 95 Ron | ၃၁၂၄ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၈ |
| HSD (50 ppm) | ၃၀၆၈ | ၃၁၅၉ |
| HSD (10 ppm) | ၃၀၆၈ | ၃၁၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန် ရည်ရွယ်၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**စုံစမ်းစစ်ဆေးအရေးယူ**

ဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဗျူဟာ စီမံချက်တွင် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်း လုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီးကြောင်း၊ အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့် စာရိတ္တများ ပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှု တစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်သည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေး အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထား လုပ်ဆောင်သွားကြရန် ပြောကြားခဲ့ပါကြောင်း။

**သာတူညီမျှစိတ်ဖြင့်ဆက်ဆံ**

မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်အရ နိုင်ငံ့ဝန်ထမ်းများ၏ ကဏ္ဍသည် အရေးကြီးသည့် နေရာတွင် ပါဝင်နေသည့်အတွက် ဝန်ထမ်းအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုများ များလာပါက နိုင်ငံတော်၏ စွမ်းဆောင်မှုသည်လည်း ကျဆင်းလာမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အာဏာကို အလွဲသုံးစား ပြုလုပ်မှုများ ကြီးမားကျယ်ပြန့်လာမှုကို အချိန်မီတားဆီးကာကွယ်မှုများ မလုပ်နိုင်ပါက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် ခြိမ်းခြောက်မှုများလည်း ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိကင်းစင်စွာဖြင့် ပြည်သူလူထုအပေါ် ဝန်ဆောင်မှုပေးရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ ကျောသားရင်သားမခွဲခြားဘဲ သာတူညီမျှစိတ်ဖြင့် ဆက်ဆံရန်၊ မိမိတာဝန်ကို မိမိကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်းအကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေး ကဏ္ဍများကိုရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သော်လည်း ရာသီဥတုဖောက်ပြန်မှုများနှင့်အတူ ၂၀၂၃ ခုနှစ်အတွင်း ဖူးဘုရားစေတီတော်နှင့် ဓမ္မရာဇကစေတီတော်တို့အား မိုးကြိုးစက်ကွင်းထိမှန်ခဲ့ကြောင်း ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့စေရန်နှင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကိုလည်း အမြဲမပြတ် ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ သမိုင်းအထင်ကရဘုရားများဖြစ်သည့် ငှက်ပစ်တောင်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဖူးဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ပြဿဒ်ကြီးဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ လေးမျက်နှာဘုရား၊ မင်္ဂလာစေတီနှင့်စေတနာကြီးဘုရားတို့တွင် မိုးကြိုးလွှဲတပ်ဆင်လျက်ရှိရာ ငှက်ပစ်တောင်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဖူးဘုရားနှင့် ရှင်အဇ္ဇဂေါဏဘုရားလေးဆူတို့ မိုးကြိုးလွှဲတပ်ဆင်ပြီးစီးသည့် ဘုရားလေးဆူတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးအထူးအဖွဲ့ (၇) မှ တာဝန်ရှိသူများသည် မိုးကြိုးလွှဲတပ်ဆင်ရန်ကျန်သည့် ရှေးဟောင်းဘုရားငါးဆူတို့ကို မိုးကြိုးလွှဲတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိဘုရားများ မိုးကြိုးလွှဲဆက်လက်တပ်ဆင်နိုင်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ဘာသာရေးအသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များမှ ခေါင်းဆောင်များနှင့် တွေ့ဆုံ၊ ကရုဏာလက် လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှ လူငယ်များအား ဆန်နှင့် စားသုံးဆီများ ထောက်ပံ့

မြစ်ကြီးနား အောက်တိုဘာ ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်နယ်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့ ၁၆ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံသည်။** (ယာပုံ)




ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံနှင့် မိမိတို့ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကဝိုင်းဝန်းဆွေးနွေးအဖြေရှာ ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဘာသာတရား၏ အဆုံးအမအောက်တွင် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေး ဆုတောင်းဆက်ကပ်အပ်နှံပေးကြရေးနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် အားလုံးက ပွင့်လင်းရင်းနှီးစွာ တင်ပြဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

### ဖြေရှင်းဆောင်ရွက်ပေး

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားတက်ရောက်လာကြသည့် ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက သာသနာပြုလုပ်ငန်းများတွင် လိုအပ်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးကြပြီး ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) မှ သိက္ခာတော်ရ ဆရာတော်နှင့် ကက်သလစ်အသင်းတော် ဖာသာတို့က ဆုတောင်းဆက်ကပ်ပေးကြသည်။




မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ အဆိုပါ အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

### အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးပွဲကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များအနေဖြင့် မိမိတို့ ပြည်နယ်/ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးအတွက် ပါဝင်သင့်သည့်နေရာမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် တိုင်းရင်းသားခေါင်းဆောင်များက စာပေယဉ်ကျေးမှုနှင့် အမွေအနှစ်များ ထိန်းသိမ်းရာတွင် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဖြည့်စွက်သုံးသပ်ရှင်းလင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ညှိနှိုင်းပေါင်းစပ်၍ ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ကရုဏာလက် လူငယ်ပြုစုပျိုးထောင်ရေး စခန်းသို့ သွားရောက်ပြီး စခန်းအတွက် ဆန်အိတ် ၅၀၊ ဆီ ၁၀ ပိဿာပုံး ၁၀ ပုံးနှင့် ငွေကျပ်သိန်း ၅၀ ကို ကျောင်းတာဝန်ခံထံ ထောက်ပံ့ပေးအပ်သည်။ **သတင်းစဉ်**

# ရေဘေးထိခိုက်ခံစားရသော ကျည်တောင်ကျေးရွာအုပ်စုရှိ ထိခိုက်လွယ်အုပ်စုဝင်များအား ထောက်ပံ့ခြင်းနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၂**

ရာဂီတိုင်ဖွန်းမုန်တိုင်း သက်ရောက်မှုကြောင့် ရေဘေးထိခိုက်ခံစားရသော ကျည်တောင်ကျေးရွာအုပ်စုရှိ ထိခိုက်လွယ်အုပ်စုဝင်များအား ထောက်ပံ့ခြင်းနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ လေ့ခွင်းတောင် ကိုးခန်းကြီးကျောင်း၌ ကျင်းပသည်။



### တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုအတွင်း ထိခိုက်လွယ်အုပ်စုများဖြစ်သော ကိုယ်ဝန်ဆောင်များ၊ အသက် သုံးနှစ်အောက် ကလေးများ၊ အသက် ၇၅ နှစ် အထက် ဘိုးဘွားများနှင့် မသန်စွမ်းသူများအတွက် ငွေသားနှင့်ပစ္စည်းနှစ်မျိုးလုံးကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသခံပြည်သူလူထုအနေဖြင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများကြောင့် နောက်ဆက်တွဲ ထိခိုက်ခံစားရခြင်းများကို စိတ်လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့များပေးပြီး ပြန်လည်ထူထောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယနေ့တွင် ရေဘေးသင့်ထိခိုက်လွယ်သူများဖြစ်သည့် ကိုယ်ဝန်ဆောင်၊ အသက်သုံးနှစ်အောက်ကလေး၊ မသန်စွမ်းနှင့် အသက် ၇၅ နှစ်အထက် သက်ကြီးရွယ်အိုများကို နိုင်ငံတော်မှ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးခြင်းအပြင် နေပြည်တော်ကောင်စီအနေဖြင့်လည်း ခေါက်ဆွဲ၊ ဆန်၊ အသားဘူးများ လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများကို လာရောက် အားပေးခြင်းဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

### လိုက်လံကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထိခိုက်လွယ်အုပ်စုဝင် ၁၅၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၅၆၀၀၀၀ အပြင် တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ၊ Hygine Kit၊ ဆေးစိမ်ခြင်ထောင်၊ ဆပ်ပြာခဲ၊ ရေသန့်၊ ဆေးနှင့် ကလေးများအတွက် ကစားစရာများ၊ မုန့်များကိုလည်းကောင်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌက ခေါက်ဆွဲ၊ ဆန်၊ အသားဘူးများကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **သတင်းစဉ်**

✳ ***ရှေ့ဖုံးမှ***

လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ကရတ်သွန်”မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ ၆-၁၀-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါးရေကြီးနစ်မြုပ်ရေိယာများအား မိုးစပါး၊ မိုးနေကြာစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေး



**ပုသိမ် အောက်တိုဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာများအား မိုးစပါးပြန်လည်စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် အောက်စုကျေးရွာရှိ တောင်သူ ဦးတင်ထွန်း၏ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာ စိုက်ဧက ၂ ဒသမ ၅၀ ဧကတွင် ဗျော့ထွန်းစပါးမျိုးအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကညင်ငူကျေးရွာရှိ တောင်သူ ဦးအောင်စိုး၏ ယာမြေတွင် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့ထုတ် ငါးဧကစိုက်ပျိုးပွဲကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကဇွန်းခုံကျေးရွာအုပ်စုရှိ ဆီထွက်သီးနှံ အထူးဇုန်မြေပဲ၊ နှမ်း၊ နေကြာဧက ၃၅၀ စိုက်ခင်းရှိ တောင်သူ ဦးမိုးကျော်သူ၏ မိုးနေကြာ (ဆင်းရွှေကြာ-၂)နှင့် မိုးမြေပဲ (မကွေး-၁၂) စိုက်ခင်း၊ တောင်သူ ဦးအေးလင်း၏ မိုးနေကြာ (ဆင်းရွှေကြာ-၂) စိုက်ခင်း၊ တောင်သူ ဦးမြင့်အောင်၏ မိုးနှမ်း (စမုန်နက်)စိုက်ခင်းတွင် ပေါင်းလိုက်ခြင်း၊ သမန်းနှီးခြင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

ထို့နောက် မြန်အောင်မြို့ သဘာဝမီးစက်လမ်းရှိ "ကောင်းသန့်" ဆီစက်သို့ သွားရောက်၍ မြေပဲ၊ နေကြာဆီများ ကြိတ်ခွဲထုတ်လုပ်မှု၊ ကုန်ကြမ်းရရှိမှု၊ ဈေးကွက်ရရှိမှုအခြေအနေများ၊ ယခင်နှစ်များထက် နေကြာဆီပိုမိုကြိတ်ခွဲရရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက်၌ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသားဘာသာရပ်သင်ဆရာ ဆရာမများက Tablet များဖြင့် တစ်အိမ်တက်ဆင်း သန်းခေါ်စာရင်းကောက်ယူနေမှု၊ ပြည်သူများက စိတ်ပါဝင်စားစွာ ဖြေကြားနေမှုများကို ကြည့်ရှုအားပေးသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ မြန်အောင်မြို့ အောင်ဇေယျအားကစားခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သန်းခေါ်စာရင်း ကောက်ယူခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် မူဝါဒများချမှတ်နိုင်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသောစီမံကိန်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ ကျရာအခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ယင်းနောက် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များမှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ကြသည်။ **သတင်းစဉ်**

# ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)ကို ကျင့်သုံး၍ အပ်နှင်းသောအမိန့်အရ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အမိန့်အမှတ် (၃၂/၂၀၂၄)ကို ၁၃-၃-၂၀၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် စိစစ်ခွင့်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားသူသည် အမိန့်အမှတ် (၃၂/၂၀၂၄) အရ မိမိတို့ လွှင့်တင်မည့် Content များအား စိစစ်ရေးအဖွဲ့ထံသို့ ဦးစွာတင်ပြခွင့်ပြုချက်ရယူရမည် ဖြစ်ပါသည်။

သို့ရာတွင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် ရယူထားသော TRUST Entertainment သည် စိစစ်ရေးအဖွဲ့သို့ တင်ပြထားခြင်းမရှိသော ဆင်ဆာမှုနှင့်ငြိစွန်းသည့် ဗီဒီယိုဖိုင်တစ်ဖိုင်ကို လွှင့်တင်ထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့အတွက် TRUST Entertainment ကို စည်းမျဉ်းစည်းကမ်းများ မလိုက်နာသဖြင့် ၎င်း၏ လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို ယာယီရုပ်သိမ်းထားပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး စိစစ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူပြီးသူများအနေဖြင့် မိမိတို့လွှင့်တင်သည့် Content များကို စိစစ်ရေးအဖွဲ့ထံ တင်ပြနိုင်ရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားခြင်းမရှိသောသူများအနေဖြင့်လည်း ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**



ပေါင်းတည်မြို့နယ်၌ အောက်တိုဘာ ၁ ရက်က လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါ်စာရင်းကောက်ယူနေမှုများကို မြို့နယ်သန်းခေါ်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် သန်းခေါ်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ရွှေသား(ပြန်/ဆက်)



# အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၈)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၀၀) သင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၂**

အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်းအမှတ်စဉ်(၈)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၀၀) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်း ဆင်းပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က သင်တန်းအလိုက် ဆုရရှိသူများကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက်၊ ရာထူးအဆင့်အလိုက် စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်တတ်စေရန်၊ ခိုင်မာအားကောင်းပြီး စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများဖြစ်လာစေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်သို့ ဝင်ရောက်၍ ပြည်သူ့ဝန်ကို ထမ်းဆောင်ကြရာတွင် နိုင်ငံသားတိုင်းလိုက်နာရမည့် စည်းကမ်းများနှင့် စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာရန်၊ နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်အပါး(၃၀)ကို မြဲမြံစွာစောင့်ထိန်းလိုက်နာခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၈)သို့ သင်တန်းသား ၁၆၂ ဦး၊ သင်တန်းသူ ၅၆ ဦးနှင့် အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၁၀၀) သို့ သင်တန်းသား ၁၃၂ ဦး၊ သင်တန်းသူ ၂၀၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# သားစဉ်မြေးမြစ် အကျိုးဖြစ်မည့် သန်းခေါင်စာရင်း

မောင်မုဒိတာ



တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်လုံးကျွတ် ကောက်ယူနေပြီဖြစ်သည်။ လူဦးရေဆိုင်ရာ အကြောင်းအရာများ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အကြောင်းအရာများကို တစ်နိုင်ငံလုံး (သို့မဟုတ်) သတ်မှတ်နယ်မြေဒေသတစ်ခုမှာ လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း မေးမြန်းကောက်ယူသည့်လုပ်ငန်း ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူသည့် လုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားသည့်အပြင် ငွေကုန်ကြေးကျများပြားသည့်အတွက် ကမ္ဘာ့နိုင်ငံအများစုသည် ဆယ်နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူကြကြောင်း သိရသည်။ သို့သော် လူဦးရေသန်းခေါင်စာရင်းအား မည်သည့်နိုင်ငံမျှ မကောက်ဘဲမနေကြ။ မိမိတို့နိုင်ငံတွင်လည်း သန်းခေါင်စာရင်းကောက်ယူခြင်းကို မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်တွင် သာလွန်မင်းလက်ထက်က စတင်ခဲ့ကြောင်း အထောက်အထားများတွေ့ရှိရပြီး လွတ်လပ်ရေးဆုံးရှုံးပြီးနောက်ပိုင်း ကိုလိုနီလက်အောက်တွင် ၁၈၇၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း ရှစ်ကြိမ်တိုင် ကောက်ယူခဲ့ကြောင်း တွေ့ရှိရသည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်တော့ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူနိုင်ခဲ့သည်။ ယင်းသန်းခေါင်စာရင်း ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏လူဦးရေသည် ၁၉၇၃ ခုနှစ်တွင် ၂၈ ဒသမ ၉ သန်းကျော်၊ ၁၉၈၃ ခုနှစ်တွင် ၃၅ ဒသမ ၃ သန်းကျော်၊ ၂၀၁၄ ခုနှစ်တွင် ၅၁ ဒသမ ၄ သန်းကျော်ရှိကြောင်း သိရှိရသည်။ ၂၀၁၄ ခုနှစ်နောက်ပိုင်း ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ် ယခုနှစ်တွင်ရှိမည့် လူဦးရေကို ယခုကောက်ယူမည့် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူပြီးနောက် ထုတ်ပြန်သည့်အချိန်တွင် သိရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားကာလများသည် အပြောင်းအလဲများစွာ ရှိခဲ့သည်။ မြန်မာနိုင်ငံကဲ့သို့ပင် ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ပြောင်းလဲမှုများစွာ ရှိနေကြလိမ့်မည်။ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ သည် ကမ္ဘာ့လူသားများကို ခြိမ်းခြောက်ကာ အသက်ပေါင်းများစွာကို အချိန်တိုတိုအတွင်း နုတ်ယူသွားခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူပေါင်းများစွာ ကွယ်လွန်ခဲ့ကြသည်။ ယခုချိန်အထိ ကိုဗစ်-၁၉ ၏အန္တရာယ်ကို ကာကွယ်ဆေးများ အကြိမ်ကြိမ်ထိုးနှံကြရင်း အန်တုရင်ဆိုင်နေရဆဲ ဖြစ်သည်။ ယင်းဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံ၏ လူဦးရေသည် နေရာဒေသအလိုက်အပြောင်းအလဲဖြစ်နေလိမ့်မည်။ ထို့ပြင် မြန်မာ့နိုင်ငံရေး အရှုပ်အထွေးများကြောင့်လည်းကောင်း၊ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ မြို့၊ ရွာ အချို့အား အကြမ်းဖက်တိုက်ခိုက်သိမ်းပိုက်မှု ဖြစ်စဉ်များကြောင့်လည်းကောင်း မြို့ရွာများ ပျက်စီးဆုံးရှုံးခဲ့ပြီး ပြည်သူများ သေကျေပျက်စီးမှု၊ ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့ကာ နယ်မြေအေးချမ်းတည်ငြိမ်သည့် ဒေသများသို့ ပြည်သူများအလုံးအရင်းနှင့် ပြောင်းရွှေ့နေထိုင်မှုများရှိခဲ့သည်။ ယင်းဖြစ်စဉ်များကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် လူဦးရေသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံ၍ လူဦးရေပညာဖြင့် ခန့်မှန်းတွက်ချက်မှုစာရင်းများနှင့် ကွဲလွဲနေနိုင်သည်။ ယင်းသို့ နေရာဒေသအလိုက် လူဦးရေကွဲလွဲမှု၊ ကိန်းဂဏန်းအချက်အလက် အပြောင်းအလဲ ရှိမရှိကို ယခု ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးလျှင် အတိအကျသိရှိနိုင်မည်ဖြစ်သည်။

### တိကျမှန်ကန်သည့် လူဦးရေကို ခန့်မှန်းတွက်ချက်ပေးနိုင်

လူဦးရေ သန်းခေါင်စာရင်းအချက်အလက်များသည် နိုင်ငံ၏ လက်ရှိပကတိအခြေအနေ၊ နိုင်ငံအတွင်းနေထိုင်သူများ နေရာဒေသ၊ မြို့ပြကျေးလက်အလိုက်လူဦးရေ၊ အသက်အပိုင်းအခြားအလိုက် လူဦးရေ၊ ပညာအရည်အချင်း၊ လုပ်ငန်းအမျိုးအစား၊ နေထိုင်မှုပုံစံအလိုက် လူဦးရေတို့ကို ခွဲခြားသိရှိနိုင်သည့်အတွက် နေရာဒေသအလိုက် လိုအပ်သည့် အစီအမံများ ချမှတ်နိုင်ရန် အခြေခံအရင်းအမြစ်များကို ဖော်ထုတ်ပံ့ပိုးပေးနိုင်သည်။ သို့သော် လူဦးရေအချက်အလက်သည် ၎င်းအချက်အလက်များ အခြေခံရရှိသည့် အရင်းအမြစ်ပေါ်မူတည်ကာ အသုံးပြုနိုင်မှုအရည်အသွေး ကွာခြားနိုင်သည်။ စနစ်တကျကောက်ယူသည့် သန်းခေါင်စာရင်းအချက်အလက်များသည် တိကျမှန်ကန်ပြီး အရည်အသွေးမြင့်မားသည့် ကိန်းဂဏန်းအချက်အလက်များဖြစ်သည့်အတွက် ငွေကုန်ကြေးကျများသော်လည်း နိုင်ငံတကာက လူဦးရေသန်းခေါင်စာရင်းကို စီမံချက်ရေးဆွဲချမှတ်ကောက်ယူကြခြင်း ဖြစ်သည်။ သန်းခေါင်စာရင်းသည် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်လုံသော အခြေခံစာရင်းအင်း ကိန်းဂဏန်းများ ရရှိစေသည်။ စီမံကိန်းများအတွက် တိကျမှန်ကန်သည့် ခိုင်လုံသော လူဦးရေကို ခန့်မှန်းတွက်ချက်ပေးနိုင်သည်။ နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် အဓိကကျသည့် မဲဆန္ဒရှင်စာရင်းပြုစုရာတွင်လည်း အထောက်အကူပြု ပံ့ပိုးပေးနိုင်သည်။ ထို့ပြင် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများနှင့် လူဦးရေ ပေါက်ပွားမှုများပြားသည့်နိုင်ငံတို့အကြား တည်ရှိနေသည့် မိမိတို့နိုင်ငံအတွက် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာများ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေးအတွက် လူဦးရေဆိုင်ရာစီမံခန့်ခွဲမှုများ၊ မူဝါဒများချမှတ်နိုင်ရန် မီးမောင်းတစ်ခုအဖြစ်အသုံးပြုနိုင်သည်။

နိုင်ငံတိုင်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲချမှတ်ရန် အခြေခံသည့်အချက်မှာ လူဦးရေဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခု လူနေအစိတ်အကျဲ၊ နေထိုင်မှုပုံစံ၊ သဘာဝပတ်ဝန်းကျင်အခြေအနေတို့ကို ချိန်ထိုးနှိုင်းယှဉ်ကာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို ရေးဆွဲချမှတ်ဆောင်ရွက်ကြရသည်။ ကျောင်းနေအရွယ်ကလေးများ၊ လူငယ်လူရွယ်များများပြားသည့်နေရာဒေသတွင် လိုအပ်မည့် စာသင်ကျောင်း၊ ခန့်ထားရမည့် ဆရာ ဆရာမအရေအတွက် စသည်ဖြင့် တွက်ချက်ဆောင်ရွက်နိုင်မည်။ ယင်းနေရာမျိုး၌ ဘိုးဘွားရိပ်သာ များများစားစား မလိုအပ်နိုင်၊ သက်ကြီးရွယ်အိုများပြားသည့် ဒေသများ၌ စာသင်ကျောင်းများများ မလိုအပ်သကဲ့သို့ ဖြစ်သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များအရ တိုင်းဒေသကြီး၊ ပြည်နယ်အချို့မှ နေထိုင်သူများသည် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ရွှေ့ပြောင်းသွားလာ ရောက်ရှိနေထိုင်ကြကြောင်း သိရှိရသည်။ ရေကြည်ရာ မြက်နုရာ ချီတက်ကြခြင်းပေ့ါ။ အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ လူအများအပြားသည် ရန်ကုန်တိုင်းဒေသကြီးသို့ ပြောင်းရွှေ့နေထိုင်ကြကြောင်း စာရင်းများအရ သိရသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျရောက်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာသည်နှင့်အမျှ ရန်ကုန်ကဲ့သို့မြို့ကြီးသို့ လာရောက်ကာ အလုပ်အကိုင်ရှာဖွေ လုပ်ကိုင်ကြရသည်။ အထူးသဖြင့် စက်မှုဇုန်များတည်ရှိရာ လှိုင်သာယာ၊ ရွှေပြည်သာကဲ့သို့မြို့များတွင် ဧရာဝတီတိုင်းသားများ အများအပြား ရောက်ရှိနေထိုင် လုပ်ကိုင်ကြကြောင်း သန်းခေါင်စာရင်းအချက်အလက်များက ဖော်ပြနေသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအခြေအနေတွင် ဧရာဝတီတိုင်းအတွင်း စက်မှုဇုန်များတည်ထောင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနေကြောင်းကိုလည်း တွေ့ရှိနေရပြီဖြစ်သည်။ ထို့ပြင် ယင်းဒေသများ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အလျင်အမြန်ထူထောင်ကာ အဆင့်မြင့်နည်းပညာများဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေကြောင်းလည်း တွေ့ရသည်။ ယင်းကဲ့သို့ သန်းခေါင်စာရင်းအချက်အလက်များကို သုံးသပ်၍ အဖြေထုတ်ကာ စီမံခန့်ခွဲသူ၊ အချက်အလက် အသုံးပြုသူများအတွက် စီမံချက်များ တိတိကျကျရေးဆွဲချမှတ် ဆောင်ရွက်ပါက အောင်မြင်မှုက မြေကြီးလက်ခတ်မလွဲပေ။

ကမ္ဘာ့နိုင်ငံအသီးသီး၌ လူဦးရေပြောင်းလဲမှုဖြစ်စဉ်များဖြစ်သည့် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းခြင်း စသည်တို့ကို အမြဲမပြတ်လေ့လာသုံးသပ်ကြသည်။ မွေးဖွားခြင်းကြောင့် လူဦးရေတိုးမည်။ သေဆုံးခြင်းကြောင့် လူဦးရေလျော့မည်။ ပြည်တွင်းရွှေ့ပြောင်းခြင်းအတွက် လူအတိုး၊ အလျော့သည် နိုင်ငံအတွင်း ဒေသအလိုက်သာဖြစ်၍ မသိသာသော်လည်း ပြည်ပရွှေ့ပြောင်းခြင်းအတွက်ဆိုလျှင် လူဦးရေလျော့သွားမည်။ နိုင်ငံအလိုက် မိမိတို့နှင့် သင့်လျော်လိုက်လျောညီထွေဖြစ်သည့် လူဦးရေမူဝါဒချမှတ်နိုင်ရန် လူဦးရေဖွဲ့စည်းမှုပုံစံကို ပြောင်းလဲဆောင်ရွက်နိုင်သည်။ လူဦးရေတိုးပွားလိုလျှင် မွေးဖွားနှုန်းမြင့်မားအောင် ဆောင်ရွက်ကာ အရှင်မွေးကလေးကျန်းမာရေး၊ ကလေးသူငယ်စောင့်ရှောက်ရေး၊ မိခင်နှင့်ကလေးကျန်းမာရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး စသည်တို့ကို ထိထိရောက်ရောက်ဆောင်ရွက်ပေးရမည်။ သေဆုံးမှုနှုန်းလျော့နည်းရေးဆောင်ရွက်ရာတွင် လူတိုင်းအတွက် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု၊ နေရာတိုင်းလွှမ်းခြုံနိုင်သည့် ကျန်းမာရေးကို ဖော်ဆောင်ပေးရမည်။ ပျော်ရွှင်ကျန်းမာသော၊ ကြံ့ခိုင်ဖွံ့ဖြိုးသောဘဝများကို ဖန်တီးပေးရမည်။ ပြည်ပရွှေ့ပြောင်းမှုလျော့နည်းစေရန် လူငယ်လူရွယ်များအတွက် လက်လှမ်းမီသော အဆင့်မြင့်ပညာရေး၊ ဘဝရေရှည်ရပ်တည်နိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်မည်။ ယင်းသို့ ဖော်ဆောင်ပေးနိုင်ရန်အတွက် လူဦးရေပြောင်းလဲမှုဖြစ်စဉ်ကို အမြဲလေ့လာသုံးသပ်နေရမည်ဖြစ်သည်။ လူဦးရေပြောင်းလဲမှုဖြစ်စဉ်များကို တိတိကျကျ လေ့လာဖော်ထုတ်နိုင်ရန်မှာ လူဦးရေသန်းခေါင်စာရင်းအချက်အလက်များကို အဓိကအရင်းအမြစ်အဖြစ် အသုံးပြုကြရသည်။ ထို့ကြောင့် နိုင်ငံတိုင်းက လူဦးရေသန်းခေါင်စာရင်းကို မဖြစ်မနေ ကောက်ယူကြရခြင်းဖြစ်သည်။

### လူဦးရေဆုလာဘ်ကို အကျိုးရှိရှိအသုံးပြု

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များအရ လက်ရှိအခြေအနေတွင် နိုင်ငံအတွင်းရှိ လူဦးရေအနက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိသည့် လူဦးရေများပြားနေကြောင်း သိရှိရသည်။ လူဦးရေဆိုင်ရာ အသုံးအနှုန်းအရ လူဦးရေဆုလာဘ်ရရှိနေသည့် ကာလဖြစ်သည်။ ယင်းကာလအတွင်း အလုပ်အကိုင် အခွင့်အလမ်းများကို ပြည်တွင်း၌ ဖန်တီးဖော်ဆောင်ပေးနိုင်ပါက ၎င်းတို့၏ လုပ်အားကို ထိရောက်စွာအသုံးချနိုင်မည် ဖြစ်သည်။ ထိုသို့ အလုပ်အကိုင်ဖန်တီးမပေးနိုင်ပါက လုပ်သားအင်အားဆုံးရှုံးသွားပြီး လူဦးရေဆုလာဘ်သည် အလဟဿဖြစ်သွားမည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ၎င်းတို့အနေဖြင့် နည်းမျိုးစုံဖြင့် ပြည်ပသို့ အလုပ်လုပ်ကိုင်ရန် ထွက်ခွာကြရာတွင် တားဆီးရန်မဖြစ်နိုင်သည့် အလျောက် ပြည်ပတွင် တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ နိုင်ငံအတွက် ထိုက်သင့်သည့် အခွန်ရရှိရေးကို ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာရရှိထားသည့် လူဦးရေဆုလာဘ်ကို အကျိုးရှိရှိ အသုံးပြုရာရောက်ပေမည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကို တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူ (De Facto) ဖြင့် စာရင်းကောက်များက မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် Mobile Tablet များဖြင့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်း ကောက်ယူသည့်စနစ် (Computer Assisted Personal Interviews – CAPI) စနစ်ဖြင့် ကောက်ယူမည်ဖြစ်သည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားရှိပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည်ဖြစ်သော်လည်း အချို့နေရာဒေသများတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ နယ်မြေဒေသလုံခြုံရေးဆိုင်ရာ အခက်အခဲများရှိနိုင်သဖြင့် ရက်တိုးမြှင့်ကောက်ယူနိုင်ရေးအတွက်လည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ မထပ်မကျန်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ကောက်ယူနိုင်ရေးအတွက် အားလုံးက အားထည့်ကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မေးခွန်း (၄၁) ချက်ပါ သတ်မှတ်စာရွက်ပေါ်တွင် သတ်မှတ်ခဲတံဖြင့် မေးမြန်းရေးမှတ်ကောက်ယူခဲ့သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတွင် Mobile Tablet ဖြင့် နည်းပညာအသုံးပြု၍ မေးခွန်းပေါင်း (၁၁၈) ချက်ကို မေးမြန်းကောက်ယူခဲ့သည်။ ထိုစဉ်က မြို့နယ်ပေါင်း ၂၀ တွင် ကောက်ကွက် ၁၀၀ ကိုသာ ရွေးချယ်သတ်မှတ်ကောက်ယူခြင်းဖြစ်၍ သိရှိလိုသည့်အချက်အလက်များအပေါ် မူတည်ကာမေးခွန်းပေါင်းများစွာ မေးမြန်းကောက်ယူခဲ့ခြင်း ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် အိမ်ထောင်စုမေးခွန်းနှင့် အဖွဲ့အစည်းမေးခွန်းအဖြစ် မေးခွန်းပုံစံ (၂) မျိုးဖြင့် ကောက်ယူသွားမည်ဖြစ်သည်။ အိမ်ထောင်စုမေးခွန်းပုံစံတွင် လူဦးရေဆိုင်ရာအချက်အလက်များအတွက် မေးခွန်း (၁၁) ချက်၊ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းအတွက် (၆) ချက်၊ ပညာရေးအကြောင်းအရာအတွက် (၆) ချက်၊ လုပ်သားအင်အားအကြောင်းအရာအတွက် (၇) ချက်၊ မွေးဖွားမှုအကြောင်းအရာအတွက် (၉) ချက်၊ မသန်စွမ်းအကြောင်းအရာအတွက် (၁) ချက်၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်းအတွက် (၈) ချက်၊ အိမ်အကြောင်းအရာအတွက် (၁၃) ချက်၊ သေဆုံးမှုနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုအတွက် (၇) ချက် စသည်ဖြင့် မေးခွန်း (၆၈) ခုကိုလည်းကောင်း၊ အဖွဲ့အစည်းမေးခွန်းပုံစံတွင် လူဦးရေဆိုင်ရာအချက်အလက်များအတွက် မေးခွန်း (၉) ချက်၊ ပညာရေးအကြောင်းအရာအတွက် (၁) ချက်၊ လုပ်သားအင်အားအကြောင်းအရာအတွက် (၇) ချက်၊ မသန်စွမ်းမှုအကြောင်းအရာအတွက် (၁) ချက် စသည်ဖြင့် မေးခွန်း (၁၈) ချက်ကို မေးမြန်းကောက်ယူကြမည်။ စာရင်းစစ်များက သတ်မှတ်ကောက်ကွက်အတွင်း၌ အိမ်ခြေအတည်တကျဖြင့် နေထိုင်သူ၊ လှေ၊ သမ္ဗန်၊ သင်္ဘော စသည်တို့ပေါ်၌ အိမ်ထောင်စုဖြင့် နေထိုင်သူ၊ သစ်တောကြိုးဝိုင်းအတွင်း အိမ်ထောင်စုဖြင့်နေထိုင်သူ၊ တပ်ရင်းတပ်ဖွဲ့၊ ရဲတပ်ရင်း၊ အကျဉ်းထောင်စသည့်အဖွဲ့အစည်းများအတွက် အိမ်ထောင်စုဖြင့် နေထိုင်သူတို့အား အိမ်ထောင်စုမေးခွန်းပုံစံဖြင့် လည်းကောင်း၊ အုပ်ချုပ်သူအကြီးအကဲ၏ လက်အောက်တွင် သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်လျက်ရှိသည့် ဘိုးဘွားရိပ်သာ၊ မိဘမဲ့ကျောင်း၊ ဆေးရုံ၊ ဘော်ဒါဆောင်၊ ဟိုတယ်၊ တည်းခိုခန်း၊ မသန်စွမ်းကျောင်း၊ အကျဉ်းထောင်၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း၊ တပ်ရင်းတပ်ဖွဲ့ လူပျိုဆောင် (ဘားတိုက်)၊ ရဲတန်းလျား လူပျို/အပျိုဆောင်၊ အတူနေ အတူစားသည့် အလုပ်သမားတန်းလျား၊ အိမ်ခြေရာမဲ့ စသည်တို့အား အဖွဲ့အစည်းမေးခွန်းပုံစံဖြင့်လည်းကောင်း သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင်ရှိနေမည့် အခြေအနေကို မေးမြန်းကောက်ယူမည်ဖြစ်သည်။

**စီမံကိန်းများရေးဆွဲနိုင်ရန် အသုံးပြုမည့် အချက်အလက်အဖြစ် ရရှိရန်သာဖြစ်**

မေးမြန်းမည့် မေးခွန်းများနှင့်ပတ်သက်၍ ပြည်သူများအတွက် အနည်းငယ်အသိပေး တင်ပြရလျှင် ပြည်ပရွှေ့ပြောင်းသွားလာခြင်း အကြောင်းအရာ၌ မိမိတို့အိမ်ထောင်စုထဲမှ တစ်ဦးဦးသည် နိုင်ငံခြားသို့သွားရောက်နေသည်မှာ ခြောက်လအထက်ရှိနေပြီဖြစ်ပါက နိုင်ငံခြားသို့ ရောက်ရှိနေသူ၏ ကိုယ်ရေးအချက်အလက် အနည်းငယ်ဖြစ်သည့် အမည်၊ ကျား/မ၊ အိမ်ထောင်စုနှင့်တော်စပ်ပုံ၊ အသက်၊ မြန်မာနိုင်ငံမှ ထွက်ခွာသည့် ခုနှစ်၊ လက်ရှိရောက်ရှိနေသည့် နိုင်ငံ၊ မြန်မာနိုင်ငံတွင် ရှိနေစဉ် အမြင့်ဆုံးပညာအရည်အချင်း စသည်တို့ကိုသာ မေးမြန်းကောက်ယူမည်ဖြစ်သည်။ ၎င်း၏ ပြည်ပသို့ ထွက်ခွာမှုပုံစံ၊ အလုပ်အကိုင်၊ လစာ စသည့်ကိစ္စများ မပါဝင်၊ ၎င်းနှင့်ပတ်သက်၍ မည်သို့မျှ အရေးယူဆောင်ရွက်ရန်မရှိချေ။ အိမ်အကြောင်းအရာမေးခွန်းတွင်ပါရှိသည့် မေးခွန်းများတွင်လည်း အိမ်ထောင်စုရှိပစ္စည်းများကို မေးမြန်းရာတွင် ရှိ မရှိ မေးမည်ဖြစ်သည်။ ရေဒီယို၊ ရုပ်မြင်သံကြား၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ လှေ၊ သမ္ဗန်၊ ကျွဲ၊ နွားအစရှိသည်တို့ကို ရှိ မရှိ ကိုသာ မေးမည်ဖြစ်သည်။ ရှိပါသည်ဟုဖြေပါက ရှိသည်ဟုသာမှတ်သားမည်။ အရေအတွက် မည်ရွေ့မည်မျှမပါ။ ပိုင်ဆိုင်မှုအတွက် မည်သို့မျှ အရေးယူဆောင်ရွက်ရန်မရှိ။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲနိုင်ရန် အခြေခံအသုံးပြုမည့် အချက်အလက်တစ်ခုအဖြစ်ရရှိရန်သာဖြစ်သည်။ မော်တော်ယာဉ် များများရှိသောဒေသတွင် လမ်းများကောင်းမွန်ရေး၊ စက်သုံးဆီလိုအပ်ချက်ဖြည့်ဆည်းရေး၊ ယာဉ်ပြင် အလုပ်ရုံများတည်ထောင်ရေး စသည်တို့ကို အစိုးရနှင့်ပုဂ္ဂလိကညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည့် အချက်အလက်များရရှိမည်။ ကောက်ကွက်အလိုက် အချက်အလက်များ စုစည်းခြင်းသာဖြစ်ပြီး ပိုင်ဆိုင်သူ၏ အမည်နာမနှင့် ထုတ်ဖော်ဆောင်ရွက်မည် မဟုတ်ကြောင်း အသိပေးလိုပါသည်။ မည်သို့မျှ စိုးရိမ်ကြောင့်ကြရန်မလို။

> ❖ **သန်းခေါင်စာရင်းဆိုင်ရာ ကိန်းဂဏန်းစာရင်းအင်းအချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ထင်ဟပ်ဖော်ပြသည့် ကြေးမုံပြင်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက်လည်း သန်းခေါင်စာရင်းက ပြောသော မြန်မာ့ပုံရိပ်ကို မကြာမီထင်ဟပ်ပုံဖော်နိုင်တော့မည်ဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား/မ မရွေး အားလုံးပါဝင်ခွင့်ရှိသည့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်**

ထို့ပြင် အိမ်အကြောင်းအရာ၏ အခန်းအရေအတွက် မေးခွန်းမေးမြန်းရာတွင် အိမ်တစ်အိမ်၏ ကျန်းမာရေးနှင့် လူနေမှုဘဝအရည်အသွေးအပေါ် အကျိုးသက်ရောက်မှုအတွက် မေးမြန်းခြင်းဖြစ်သည်။ လူများလွန်းခြင်း၊ ကျပ်တည်းစွာနေထိုင်ခြင်း စသည့်အခြေခံညွှန်ပြချက်ဖြစ်သည့်အပြင် ယခင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်က လူစုလူဝေးဖြင့် မနေရန်၊ မိသားစုများတွင် စုမနေဘဲ အခန်းခွဲနေရန်၊ ကိုဗစ်-၁၉ ကူးစက်သူအား အခန်းခွဲထားရန် စသည်ဖြင့် အသိပညာပေးခြင်းကို တွေ့ရသည်။ သို့သော် ၎င်းတို့တွင် ခွဲနေရန်အခန်းရှိရဲ့လား၊ မိသားစုလူအင်အားနှင့်အခန်းလုံလောက်မှုရှိရဲ့လား။ ခွဲနေရန် အခန်းမရှိပါက မည်ကဲ့သို့ စီစဉ်ပေးနိုင်မည်နည်း စသည်ဖြင့် အဖြေတစ်ခုခု ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ကိုဗစ်-၁၉ ဖြစ်ပွားချိန်တွင် ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ လက်ဆေးပါဟု အသိပေးထားသည်။ လက်ဆေးစရာ ဆပ်ပြာရှိရဲ့လား၊ ရေရှိရဲ့လား၊ နေရာရှိရဲ့လား စသည်ဖြင့် သုံးသပ်၍ လိုအပ်ချက်ကို စီစဉ်ပေးရန် ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ရေအလုံအလောက်မရနိုင်သည့် နေရာတွင် မကြာခဏလက်ဆေးရန် ခက်ခဲမည်ဖြစ်သည်။ ထို့ကြောင့် သောက်သုံးရေရရှိမှု အရင်းအမြစ်သည်လည်း ဒေသအလိုက် ရရှိထားရန်လိုအပ်သည့် အချက်အလက်တစ်ခုဖြစ်သည်။

မီးဖိုခန်း(သို့မဟုတ်) ချက်ပြုတ်သည့်နေရာကိုလည်း ဖော်ထုတ်သိရှိထားရန် လိုအပ်သကဲ့သို့ အိမ်ထောင်စုအလိုက် ချက်ပြုတ်ရန် အသုံးပြုသည့် လောင်စာ၊ ၎င်းတို့အသုံးပြုသည့် အိမ်သာအမျိုးအစား၊ အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုနိုင်မှု စသည့်မေးခွန်းများသည် လူနေမှုဘဝနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ထောက်ရှုလေ့လာသုံးသပ်ကာ နိုင်ငံတော်အစိုးရအနေဖြင့် နေရာဒေသအလိုက် လိုအပ်ချက်အရ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးတို့အတွက် စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ မေးမြန်းမည့် မေးခွန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲချမှတ်နိုင်ရန် လူဦးရေနှင့် အိမ်အကြောင်းအရာ အခြေခံကိန်းဂဏန်းများရရှိရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အချက်အလက်အသုံးပြုသူများ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပကာ ဌာနအလိုက် လိုအပ်ချက်များအပေါ်မူတည်၍ အတည်ပြု သတ်မှတ်ခဲ့ခြင်းဖြစ်သည့် မေးခွန်းများဖြစ်သည်။ မေးခွန်းများအပေါ် ဖြေကြားချက်များနှင့် ပတ်သက်၍လည်း သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း၊ စစ်ဆေးခြင်းမပြုရကြောင်းလည်း ၂၀၁၃ ခုနှစ် သန်းခေါင်စာရင်းဥပဒေကပြဋ္ဌာန်းအကာအကွယ် ပေးထားသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းမေးခွန်းများနှင့် ပတ်သက်၍ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်ကင်းရှင်းစွာဖြင့် မှန်မှန်ကန်ကန် ဖြေကြားပေးကြရန် အဓိကကျလှသည်။ သို့မှသာ တိကျမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ထိထိရောက်ရောက် ရေးဆွဲချမှတ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ပြည်လုံးကျွတ် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့ လှည့်လည်သွားရောက်ကာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ၊ အသုံးဝင်ပုံများ၊ ကောက်ယူမည့်အစီအစဉ်များကို အသေးစိတ် ရှင်းလင်းချပြ ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံ၍ သတ်မှတ်မေးခွန်းများ မေးမြန်းကာ ဖြေကြားချက်များကို ရေးမှတ်ကောက်ယူကြမည့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်များအတွက် သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းစစ်၊ စာရင်းကောက် ၄၂၀၀၀ ခန့်ကို တစ်ပြိုင်တည်း သင်တန်းဖွင့်လှစ်ပို့ချမှုသည် စက်တင်ဘာ ၁၃ ရက်မှ ၂၈ ရက်အထိဖြစ်သည်။ ယခုလက်ရှိ အောက်တိုဘာလ ၁ ရက်မှစ၍ လက်တွေ့ကျကျ တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူလျက်ရှိသည်။

ဒီနေရာမှာ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက် သန်းခေါင်စာရင်းကောက်ယူရန် တစ်လအလိုတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ်အဖြစ် ပြည်သူသို့ ပြောကြားသည့်မိန့်ခွန်း၌ **“၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်ကနေ (၁၅) ရက်နေ့အထိ ကောက်ယူမယ့်လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဟာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်တွေကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးနဲ့ ညီညွတ်သောအင်အားနဲ့ အောင်မြင်အောင် ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်မယ့် အခွင့်အခါကောင်းတစ်ရပ်လည်း ဖြစ်ပါတယ်။”** ဟု မြွက်ကြားခဲ့သည်။ ပြည်သူတစ်ရပ်လုံး၏ သမိုင်းမှတ်တိုင် ခိုင်ခိုင်မာမာစိုက်ထူကြမည်။

**အမျိုးသားအကျိုးစီးပွားအတွက် အခက်အခဲတိုင်းကို မဖြစ်မနေ ဖြတ်သန်းကျော်လွှား**

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် နေပြည်တော်၌ကျင်းပသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ပဥ္စမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင်လည်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ အဖွင့်မိန့်ခွန်းတွင်လည်း **“ကျွန်တော်တို့ နိုင်ငံတော်တာဝန်ကို ယူထားတဲ့ကာလအတွင်းမှာ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်တဲ့စိတ်နဲ့ အခက်အခဲတိုင်းကို မဖြစ်မနေ ဖြတ်သန်းကျော်လွှားပြီး အောင်မြင်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တစ်နည်းပြောရရင် ကြိုတင်မြော်တွေးနိုင်မှု၊ ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းအဖြေရှာမှုများနဲ့ပဲ ဒီပြဿနာကို ကျော်လွှားရမှာဖြစ်ပါတယ်။”** ဟု မြွက်ကြားခဲ့သည်။ အမျိုးသားအကျိုးစီးပွားအတွက် အခက်အခဲတိုင်းကို မဖြစ်မနေ ဖြတ်သန်းကျော်လွှားပြီး အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်ရယူကြရမည်ပင်။

သန်းခေါင်စာရင်းမှရရှိသည့် ကိန်းဂဏန်းအချက်အလက်များသည် လက်ရှိနိုင်ငံတော်အစိုးရအတွက်သာမက နောင်အစိုးရအဆက်ဆက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများမှာ လက်ဆင့်ကမ်းအသုံးပြုနိုင်မည့် ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်သည်။ သန်းခေါင်စာရင်းဆိုင်ရာ ကိန်းဂဏန်းစာရင်းအင်း အချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ထင်ဟပ်ဖော်ပြသည့် ကြေးမုံပြင်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက်လည်း **သန်းခေါင်စာရင်းက ပြောသော မြန်မာ့ပုံရိပ်**ကို မကြာမီထင်ဟပ်ပုံဖော်နိုင်တော့မည်ဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား/မ မရွေး အားလုံးပါဝင်ခွင့်ရှိသည့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရေး မုဒိတာစိတ်ထား အရင်းခံကာ နှိုးဆော်တင်ပြအပ်ပါသည်။

**နိုင်ငံအကျိုး မျှော်ကိုးရည်**
**ဖွံ့ဖြိုးမှုအတွက် ဒို့ဦးတည်**
**ပြိုင်တူတွန်းချီ ခရီးဆက်**
**တွဲလက်ခိုင်စေ အောင်ပန်းဝေ**
**သားစဉ်မြေးမြစ် အကျိုးဖြစ်စေ။ ။**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောမြို့ မြို့မပရိယတ္တိ စာသင်တိုက်သို့ရောက်ရှိပြီး ကလောမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ အားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။**(အပေါ်ယာပုံ)**

ထို့နောက် ကလောမြို့ပေါ် ရပ်ကွက်များအား ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်ကြီးမြို့နယ် သံတဲကျေးရွာသို့ရောက်ရှိကာ တောင်ကြီးမြို့နယ်အတွင်းရှိဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံစိုက်ပျိုးသူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိပြီး ထွက်ရှိလာသောသီးနှံများ ဈေးကွက်ရရှိရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် သမဝါယမဈေးငွေများ၊ မြစိမ်းရောင်(နေကြာဆီထွက်သီးနှံ) စီမံကိန်းမှ ချေးငွေများ ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တောင်ကြီးမြို့နယ်အတွင်း နေကြာစိုက်သမဝါယမအသင်း ငါးသင်း၊ အသင်းသားတောင်သူ ၁၅၆ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၇၀၀ အတွက် ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့များ၊ သွင်းအားစုဓာတ်မြေဩဇာများ၊ ရှုရှားသဘာဝ ရွက်ဖျန်းဆေးရည်များကို အသင်းသားတောင်သူများထံ လည်းကောင်း၊ ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်ကြီးမြို့နယ် မိုင်းသော်(အနောက်) ကျေးရွာအုပ်စု ပန့်ပုန်းကျေးရွာအတွက် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း (Smart Village) ရန်ပုံငွေကျပ်သိန်း ၄၀၀ နှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ တို့ကို ကျေးရွာကော်မတီဝင်များထံ လည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ညောင်ရွှေမြို့ ရွှေရတုဆွမ်းစားကျောင်း၌ ရောက်ရှိနေသော ညောင်ရွှေမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဟိုပုံးမြို့နယ် စံဖူးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ဟိုပုံးမြို့နယ်အတွင်း စံဖူးကျေးရွာအပါအဝင် ကျေးရွာ ၁၆ ရွာ၌ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျေးရွာရေပေးရေးလုပ်ငန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်အတွက် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ ရန်ပုံငွေကျပ်သိန်း ၁၅၀ စီကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဟိုပုံးမြို့၌ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အမျိုးသမီးများအတွက် ဝင်ငွေတိုးရေးဆောင်ရွက်မည့် လုပ်ငန်းအဖြစ် သင်တန်းသူ ၁၄ ဦးဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိသော အခြေခံစက်ချုပ်နည်းပညာသင်တန်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ ထူးချွန်သူ သင်တန်းသူများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂**

နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြား လိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။





ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်ရှိ အောင်သုခ၊ ပေါင်းလောင်း၊ ဘိုကိုးလုံးနှင့် ဟေမာန်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ ထို့နောက် အောင်သုခကျေးရွာရှိ အောင်သုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့အပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍အမြန်ဆုံး ပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စဉ့်ကိုင်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူလျက်ရှိ

**စဉ့်ကိုင် အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် ယနေ့ နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများအတွင်း ကောက်ယူလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းကောက်ယူရာတွင် သန်းခေါင်စာရင်းကောက်ကွက်များမှ လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိနိုင်ရေးအတွက် ရပ်ကွက်အတွင်း အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာအချက်အလက် ၆၈ ချက်အား မေးမြန်းကာ CAPI နည်းပညာဖြင့် Tablet အသုံးပြုကောက်ယူခြင်းဖြစ်ပြီး ကျောက်ဆည်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ စဉ့်ကိုင်မြို့နယ်အတွင်း ရပ်ကွက်ပေါင်း (၅)ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာပေါင်း ၁၆၃ ရွာရှိပြီး စာရင်းကောက်ကွက်ပေါင်း ၄၁၆ ကွက်၊ စာရင်းကောက်အဖွဲ့ပေါင်း ၃၁ ဖွဲ့ဖြင့် ကောက်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂**

ရာဂီတိုင်ဖွန်း မုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူငွေပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အလှူငွေများကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ အခမ်းအနားတွင် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်းအရာရှိများက ငွေကျပ် ၁၅ သိန်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ရွာ ဦးမောင်ကိုက ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ် ၆၅ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**





# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေး

**ထားဝယ် အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ချုပ် ဒေါ်ပိုက်ပိုက်အေး၊ ကမ်းရိုး တန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ သည် ယနေ့ နံနက်ပိုင်းတွင် ရပ်ကွက်အလိုက် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကိုတစ်အိမ်တက်/ဆင်း ကောက်ယူ နေမှုအား လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီး မှူးရုံးမှ ဦးဆောင်၍ ဆက်စပ်အဖွဲ့ အစည်းများနှင့် စာရင်းစစ်/စာရင်း ကောက်များက သန်းခေါင်စာရင်း တွင်အသုံးပြုသည့် မေးခွန်း ၆၈ ခု၊ အိမ်ထောင်စုမေးခွန်းနှင့် မေးခွန်း ၁၈ ခု ပါဝင်သည့်အဖွဲ့ အစည်းမေးခွန်းများကို Tablet များအသုံးပြု၍ ကောက်ယူရာ ဒေသခံပြည်သူများက စိတ်ပါဝင် စားစွာဖြင့် ပြည့်ပြည့်စုံစုံဖြေကြား ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရပ်ကွက်နေ ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ပြီး တာဝန် ရှိသူများက စာရင်းစစ်/စာရင်း ကောက်များနှင့် အဖွဲ့အစည်းများ အား အာဟာရဖြည့်မုန့်နှင့်ရေသန့် ဘူးများ ဝေငှသည်။

တနင်္သာရီ တိုင်းဒေသကြီး အတွင်း စာရင်းကောက်ကွက် ပေါင်း ၂၆၈၃ ကွက်ကို Tablet များ အသုံးပြု၍ အောက်တိုဘာ ၁၅ ရက်နေ့အထိ ရပ်ကွက်အလိုက် ပြည်သူလူထုများအား ကောက်ယူ သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးတွင်၂၀၂၄ ခုနှစ် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

၂၀၂၄ ခုနှစ် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံးမင်္ဂလာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြား သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်က ရဲချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သောအကြမ်းဖက်မှု၊ လူသတ်မှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှုနှင့် ပြည်သူလူထုအထိတ်တလန့်ဖြစ် စေသောပြစ်မှုများ၊ အများပြည်သူစိတ်ဝင်စားသော ပြစ်မှုများမှ ကျူးလွန်သူတရားခံများအား သက်သေခံ ပစ္စည်းများနှင့်အတူ အချိန်တိုအတွင်း စွမ်းစွမ်းတမံ ဖော်ထုတ် ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့သည့် တပ်ဖွဲ့ဝင် ၁၅ဦး၊မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ် (ရဲဗလတံဆိပ်) ချီးမြှင့်ခံရသည့် တပ်ဖွဲ့ဝင် သုံးဦးနှင့် မူခင်းကြိုတင် ကာကွယ်မှုအများဆုံး၊ ပြေး လေးပြေးအများဆုံး ဖမ်းဆီးနိုင်ခဲ့သည့် အင်းစိန်ခရိုင် ရဲတပ်ဖွဲ့တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တာဝန်ရှိသူများက ဂုဏ်ထူးဆောင်တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သောဧည့်သည်တော်များက ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့၏ တစ်နှစ်တာ လုပ်ငန်းဆောင် ရွက်မှုပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**





ကျောက်တန်းမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ရက်ကကျင်းပရာ စွမ်းရည်ပြည့်ဝသော ရဲတပ်ဖွဲ့ဝင်များနှင့် ရဲလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုလက်မှတ်နှင့်ဂုဏ်ပြုဆုငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင် ကျောက်တန်းမြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးလှိုင်နှင့်တာဝန်ရှိသူများက ချီးမြှင့်စဉ်။

(၂၀၉)

# မွန်ပြည်နယ်လူမှုရေးရာဝန်ကြီး ကျိုက်မရောမြို့နယ်အတွင်း သန်းခေါင်းစာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**ကျိုက်မရော အောက်တိုဘာ ၂**

ကျိုက်မရောမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်း အရာသန်းခေါင်စာရင်း ဆက်လက် ကောက်ယူနေမှုအား အောက်တို ဘာ ၂ ရက်က မွန်ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဝင် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန် ရှိသူများ လိုက်လံကြည့်ရှုအားပေး ခဲ့ကြသည်။

ထိုသို့ သန်းခေါင်စာရင်း ကောက်ယူရာတွင် မြို့ပေါ် ရပ်ကွက်များ၌ စာရင်းကောက် ကွက်များရှိ စာရင်းစစ်၊ စာရင်း ကောက်သူများက စာရင်းများ တိကျမှန်ကန်စွာရရှိရေးအတွက် အိမ်ထောင်စုများ၏လူဦးရေဆိုင်ရာ အချက်အလက်များ စနစ်တကျ မေးမြန်းနေမှုများကို ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များ က တစ်အိမ်တက်ဆင်း လိုက်လံ ကြည့်ရှုအားပေးကာ လိုအပ်သည် များကို ပံ့ပိုးကူညီပေးခဲ့သည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**



# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း များကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ် နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ် ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# FPTP စနစ်ချည်းသာလော ... PR စနစ်ကိုလည်း ပါစေချင်ပါသည်

*---- နိုင်ငံရေးသမားဟောင်းတစ်ဦး ----*

**✳ FPTP စနစ်၏ အားသာချက်များကို အကြမ်းဖျင်းဖော်ပြရလျှင် တိကျပြတ်သားသည့် ရွေးချယ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်း၊ ပါတီစုံညွန့်ပေါင်းအုပ်ချုပ်ရာမှဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို ရှောင်လွှဲနိုင်ခြင်း၊ လွှတ်တော်တွင်း အတိုက်အခံအင်အားစုကိုလည်း ပေါ်ပေါက်စေသဖြင့် တစ်ပါတီအစိုးရ၏ ဆန့်ကျင်ဘက်တွင် အတိုက်အခံအင်အားစုဖြင့် အပြန်အလှန်ထိန်းကျောင်းပေးနိုင်သည့် လုံလောက်သော လွှတ်တော်ကိုယ်စားလှယ်နေရာများကို ပေးထားနိုင်ခြင်း၊ မိမိတို့၏ပါတီအမည်ထက် သတ်မှတ်ထားသည့် မြို့ သို့မဟုတ် ဒေသမဲဆန္ဒနယ်များကို ကိုယ်စားပြုကြရခြင်း၊ မဲဆန္ဒရှင်များအတွက် ပါတီကိုရွေးချယ်မှုပြုခြင်းထက် ကိုယ်စားလှယ်လောင်းများအား ရွေးချယ်မှုကို ဖြစ်ပေါ်စေနိုင်**

ဘဝသက်တမ်းတစ်ဝက်လောက်ကို နိုင်ငံရေးနယ်ပယ်ထဲတွင် ကျင်လည်နေခဲ့သော ကျွန်တော်သည် မီးစာကုန်ဆီခန်းသည့်အချိန် မရောက်သေးသရွေ့ နိုင်ငံ့အရေးအတွက် နိုင်ငံရေးတွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေဦးမည်သာ....။ နိုင်ငံ့အရေးအတွက် နိုင်ငံရေးလုပ်ဖို့ ဆိုလျှင်လည်း မသေချာမရေရာသော မဲဆွယ်စကားများ၊ မဟုတ်မမှန် လုပ်ကြံရေးသားသော နိုင်ငံရေးဇာတ်လမ်းများကြား တံလျှပ်ရေထင် ရွှေသမင်အလိုက်မမှားစေဖို့အတွက် သမိုင်းကျောကြဖို့တော့ လိုပါသည်။ ဖြစ်ချင်သောဆန္ဒများထက် အဖြစ်သင့်ဆုံးအရာများကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံရေးရေချိန် ပြည့်ဝနေဖို့လည်း လိုအပ်လှပေသည်။ လက်ရှိတွင် နိုင်ငံတော်ကို အုပ်ချုပ်နေသော တည်ဆဲအစိုးရက လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ရပ် ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက် နေကြောင်း ကြားသိရပြီးနောက် ထိုရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကျွန်တော့်အမြင်ကို စာဖတ်သူတို့ သိရှိနိုင်ရန် ရေးသားလိုက်ရပေသည်။

လွတ်လပ်ရေးရပြီးချိန်ကစလို့ မြန်မာနိုင်ငံ၏ ပါတီနိုင်ငံရေး သမိုင်းကို လေ့လာကြည့်မည်ဆိုပါက ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့သည့်အချိန်တွင် ဖဆပလပါတီကသာ အနိုင်ရခဲ့သည်။ အခြားသောပါတီများက အိမ်ဖြည့်အဖြစ်မျှသာ ပါဝင်နိုင်သည်။ အတိုက်အခံအဆင့်အထိ ရပ်တည်နိုင်ခြင်းမျိုးမရှိခဲ့ပါ။ ဖဆပလ တစ်ပါတီတည်းမှာပင် အာဏာကိုဆက်တိုက်ရလာသည့်အခါ ပါတီတွင်းအကွဲအပြဲမှာ ထိန်းသိမ်းမရအောင်ပေါ်လာခဲ့သည်။ ဦးဗိုလ်သခင်ဆိုသော စကားရပ်သည် ထိုစဉ်က ပေါ်လာသည့်စကား ဖြစ်သည်။ ၁၉၅၈ ခုနှစ် ဖဆပလပါတီ ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင်က သူတို့အစိုးရအဖွဲ့(ပါတီ) အကွဲအပြဲဆိုးရွားလာသည့်အတွက် ထိုစဉ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းကို အိမ်စောင့် အစိုးရအဖြစ် လွှဲပြောင်းပေးခဲ့သည်။

ထိုတုန်းက အိမ်စောင့်အစိုးရဆိုတာ တပ်ကလူတွေချည်း မဟုတ်ခဲ့ပါ။ အရပ်သားပညာရှင်တွေ အများကြီးပါပါသည်။ ၁၉၆၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပပေးခဲ့သည့်အခါ ဖဆပလမှ သန့်ရှင်းနှင့် တည်မြဲ ကွဲသွားကာ သန့်ရှင်းဖဆပလက အနိုင်ရ၍ အစိုးရဖွဲ့နိုင်ခဲ့သည်။ ပြည်ထောင်စုပါတီဟု အမည်ပြောင်းသည်။ ၁၉၆၂ ခုနှစ်တွင် ပြည်နယ်များ သီးခြားခွဲထွက်ခွင့် ဖက်ဒရယ်မှုကို တောင်းဆိုလာကြသည်။ ဤပြဿနာမှာ တိကျသောအဖြေပေါ်ထွက်မလာဘဲ ငြင်းခုံခြင်းဖြင့် အချိန်များကုန်လွန်ခဲ့သည်။ ကြာလာလျှင် တိုင်းပြည်ပြိုကွဲတော့မည့်အခြေအနေပေါ်လာသဖြင့် တပ်မတော်က နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းလိုက်ရသည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ပေါ်လာကာ အစိုးရတစ်ရပ်ပေါ်လာခဲ့သည်။ နိုင်ငံရေးသမားအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမရှိစေရန်အတွက် ပါတီပေါင်းစုံမှ ခေါင်းဆောင်များကို တစ်ပါတီစနစ်တွင် ပါဝင်စေခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုသည်မှာ ပါတီပေါင်းစုံပါဝင်ဖွဲ့စည်းကာ ဆိုရှယ်လစ်စနစ်ဖြင့် နိုင်ငံကို တည်ဆောက်ခဲ့သည်။

မြန်မာ့နိုင်ငံရေးတွင် တစ်ပါတီစနစ်ကိုလေ့လာသည့်အခါ နိုင်ငံတိုးတက်စေရေး စီးပွားရေးမူဝါဒ ပြောင်းသင့်သည့်အချိန်တွင် မပြောင်းခဲ့သည့်အတွက် နိုင်ငံစီးပွားရေးများစွာ ကျဆင်းခဲ့သည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းကြီးတစ်ရပ်ပေါ်ပေါက်လာကာ အုပ်ချုပ်မှုယန္တရားများ ရပ်ဆိုင်းသွားခဲ့သည်။ ဤနေရာတွင် စာရေးသူအနေဖြင့် ယနေ့လူငယ်များမသိသေးသည့် အချက်အချို့ကို ဖော်ပြချင်ပါသည်။ ထိုစဉ်က နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က စစ်အုပ်ချုပ်ရေးရုပ်သိမ်းကာ ဒီမိုကရေစီပေးခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်ဖွဲ့သည်။ ပါတီဖွဲ့ပြီး ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်စေသည်။ သို့သော် ပြည်ပက သွေးထိုးနှောင့်ယှက်မြှောက်ပင့်ပေးမှုကြောင့် ဒီမိုကရေစီမဟုတ်တော့ဘဲ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ကာ လူသတ်ခေါင်းဖြတ်သည့်အပြင် ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ အုပ်ချုပ်ရေးယန္တရားပျက်သွားသည့်အတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ရသည်။

ဒီနေရာမှာ ကျွန်တော်သည် မျှတသောအမြင်ဖြင့် ရေးသားလိုပါသည်။ နဝတ/နယက လက်ထက်တွင် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတွေ အများကြီးလုပ်ခဲ့သည်။ သူတို့ဆောက်ပေးထားသည့် လမ်းတံတားတွေ၊ အဆောက်အအုံတွေ၊ နောက်ဆုံး တက္ကသိုလ်တွေ အများကြီး ပြစရာကျန်ခဲ့သည်။ ပြည်သူများတောင့်တနေသည့် ဒီမိုကရေစီစနစ်ကို စနစ်တကျအကောင်အထည်ဖော်ပေးကာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို တည်ငြိမ်အေးချမ်းစွာ တည်ဆောက်ပေးခဲ့သည်။ တက္ကသိုလ်က ဘွဲ့ရခဲ့သော ကျောင်းသူ ကျောင်းသားတို့သည် မိမိတို့တက်ခဲ့သော တက္ကသိုလ်ကို မည်သည့်အစိုးရက တည်ဆောက်ပေးခဲ့သည်ကို သိသူနည်းပါးလှသည်။ စစ်အာဏာရှင်ဟူသော စကားလုံးအောက်တွင် သူတို့၏အသိအမြင်များကို နိုင်ငံရေးသမားအမည်ခံ အစွန်းရောက်ဝါဒစွဲကိုင်သူအချို့က အရောင်ဆိုးပေးခဲ့သည်။

နယက အစိုးရက တစ်နိုင်ငံလုံးမှာရှိသော အသိပညာရှင်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ရေးဆွဲပေးခဲ့ပြီး ထိုဥပဒေအရ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲဟူ၍ ရွေးကောက်ပွဲသုံးကြိမ် ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် အာဏာကို အလွဲသုံးစားပြုကာ မဲမသမာမှု ကြီးကြီးမားမားဖြစ်ခဲ့သည်။ ဘယ်လိုနည်းနဲ့နိုင်နိုင် နိုင်အောင်လုပ်ရမည်ဆိုသည့် ပါတီခေါင်းဆောင်၏ စကားကြောင့် မဲမသမာမှုမှာ ဖြေရှင်းမရနိုင်လောက်အောင် ဖြစ်ခဲ့သည်။ ထိုအချိန်ကသာ မဲမသမာမှုဖြစ်စဉ်ကို သက်ဆိုင်သူအားလုံးက ပူးပေါင်းဖြေရှင်းမည်ဆိုပါက မြန်မာနိုင်ငံ၏အနာဂတ်မှာ သာယာနေမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဟူသော ဒီမိုကရေစီနည်းလမ်းကို သုံးသင့်ပါလျက် မသုံးဘဲနေခဲ့သည်။ ဤဖြစ်ရပ်မှန်ကို အနောက်နိုင်ငံနှင့် အပေါင်းပါတို့က ရေငုံနှုတ်ပိတ်နေခဲ့သည်။ ဒါကလည်း အကြောင်းရှိသည်။ မဲမသမာမှုဖြစ်နေမှန်းသိသော်လည်း နှုတ်ပိတ်မနေလျှင် သူတို့အလိုကျ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရကို လက်လွှတ်လိုက်ရမည်ဖြစ်ကြောင်း သိနေသဖြင့် သူတို့အာဏာစက် အတိအကျသက်ရောက်မည့် အစိုးရမျိုးကို ဒီမိုကရေစီအကြောင်းပြကာ အစိုးရ တင်မြှောက်လိုခြင်းကြောင့်ဖြစ်သည်။

တပ်မတော်က ဒီမိုကရေစီစနစ်ကို ခိုင်မာစွာတည်ဆောက်ပေးခဲ့သည့်အတွက် ဒီလိုမျိုး ဒီမိုကရေစီစနစ် ပျက်ယွင်းသွားမည်ကို လိုလားမည်မဟုတ်ကြောင်း ကျွန်တော်ပြေးကြည့်စရာမလို တွေးကြည့်ရုံနှင့်တင်သိပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် တပ်မတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ပေးထားသည်။ ထို့ကြောင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ထိုနေ့က မှတ်မှတ်ရရ မဲမသမာမှု အငြင်းပွားနေသည့် လွှတ်တော်ခေါ်ယူမည့်နေ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဦးဆောင်ပြီး အစိုးရတစ်ရပ်ဖွဲ့စည်းပါသည်။ သေချာလေ့လာကြည့်လျှင် ထိုအစိုးရတွင် တိုင်းရင်းသားခေါင်းဆောင်များနှင့်တပ်တို့ အချိုးအစားတူညီစွာ ဖွဲ့ထားခြင်းဖြစ်သည်။ အဓိကအချက်ပြောရရင် တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးမည်။ အနိုင်ရပါတီအဖွဲ့အစည်းကို အာဏာလွှဲအပ်မည်။ မဲမသမာမှုအမှန်တကယ်ရှိကြောင်းကိုလည်း မြေပြင်ကွင်းဆင်းပြီး တိတိကျကျဖော်ထုတ်မည်။ တကယ်လည်း ဖော်ထုတ်ပေးခဲ့သည်။ မဲ ၁၁ သန်းကျော် မသမာမှုပြုခဲ့သည်။ နစကအစိုးရသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ခံကိုယ်စားလှယ်များကိုပင် လွတ်လွတ်လပ်လပ်သွားလာခွင့် ပြုထားခဲ့သည်။ ထိုသို့လွတ်လပ်ခွင့် ပေးလိုက်ခြင်းကပင် ရွေးကောက်ခံကိုယ်စားလှယ်အချို့ ပြည်ပထွက်ပြေးခွင့်ရကာ ယခုပေါ်ပေါက်နေသည့် CRPH , NUG စသဖြင့် စင်ပြိုင်အစိုးရ တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အမှန်တကယ် လက်တွေ့ကျကျ ပြောရလျှင် နစကအစိုးရသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် လမ်းဖွင့်ပေးထားခြင်းဖြစ်သည်။ ထိုသူများသာ နိုင်ငံချစ်စိတ်၊ သဘောထားရိုးဖြောင့်သည့်စိတ်ရှိပါက ပါတီကို ဆက်လက်တည်ထောင်ကာ ရွေးကောက်ပွဲဝင်ကြရန်ဖြစ်သည်။ သို့သော် သူတို့သည် မသိနားမလည်သောလူငယ်များကို မမှန်မကန်ဝါဒဖြန့်ကာ စစ်အာဏာရှင်တိုက်ဖျက်ရေးဟူသော စကားလုံးဖြင့် လမ်းမှားသို့ ပို့ကာ လူသတ်၊ မိုင်းထောင်၊ အကြမ်းဖက်လုပ်ရပ်များ လုပ်စေခဲ့သည်။ နိုင်ငံကိုပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည်။ အမှန်တကယ်တော့ စစ်အာဏာရှင်ဟု သူတို့စွပ်စွဲနေသော နစကအစိုးရသည် အာဏာရှင် မဆန်စွာ အလွန့်အလွန်သဘောထား ပျော့ပျောင်းသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း သူတို့လုပ်ရပ်ကြည့်ကာ ကျွန်တော်မှတ်ချက်ပြုချင်သည်။ CRPH, NUG နှင့်PDF ဟူသော အကြမ်းဖက်အဖွဲ့များသာ မပေါ်ပေါက်လာပါက ယခုအချိန်တွင် မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းတွင် ပြန်လည်လျှောက်လှမ်းနေနိုင်ပြီဖြစ်သည်။ ဒီမိုကရေစီတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီးသုံးရပ်ရှိသည်ကို အားလုံးသိကြမည် ထင်ပါသည်။ ထိုထဲကမှ ဥပဒေပြုရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းမှာ လွှတ်တော်ဖြစ်ပါသည်။ လိုရင်းပြောရလျှင် ရွေးကောက်ခံကိုယ်စားလှယ်များသည် ဥပဒေပြုရမည့်သူများဖြစ်ပါလျက် ဥပဒေကို မျက်ကွယ်ပြုကာ အကြမ်းဖက်လမ်းစဉ်ကို ရွေးခဲ့ကြသည်။ မိုက်မဲလိုက်ကြသည်ဖြစ်ခြင်း ...။

လက်ရှိတည်ဆဲအစိုးရ၏ ပန်းတိုင်မှာ **လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့**ပင်ဖြစ်ပါသည်။ အလွယ်ဆုံးနှင့် အရိုးရှင်းဆုံးပြောရလျှင် မဲခိုး၊ မဲလိမ်မှုမရှိသော၊ ပွင့်လင်းမြင်သာသော၊ တရားမျှတသော၊ ရွေးကောက်ပွဲကျင်းပနေစဉ်အတွင်း မကျေနပ်မှု တစ်စုံတစ်ရာရှိပါက မှတ်ကျောက်တင်စစ်ဆေးမှုကိုခံနိုင်သော ရွေးကောက်ပွဲမျိုးကို ကျင်းပပေးလိုခြင်းဖြစ်သည်။ အချို့သောနိုင်ငံရေးမှတ်ချက်တချို့က တပ်မတော်မှဖြစ်ပေါ်လာသော ယခုအစိုးရသည် ရွေးကောက်ပွဲဖြစ်မြောက်ရန် အားထည့်ဆောင်ရွက်နေခြင်းမှာ ထိုရွေးကောက်ပွဲကသာလျှင် တပ်မတော်အတွက် ထွက်ပေါက်ဖြစ်သောကြောင့်ဟူ၍ ကြားသိနေရသည်။ ထိုမှတ်ချက်နှင့် ပတ်သက်၍ ကျွန်တော့်အမြင်ကိုပြောပါဟုဆိုလာပါက အဖြေသည် ခပ်ရှင်းရှင်းသာရှိလေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဆိုသည်မှာ ဒုတိယဒီမိုကရေစီအစိုးရအနေဖြင့် မဲလိမ်မဲခိုးမှုများ၊ မဲမသမာမှုပြဿနာများကို ပြည်သူလူထုအား ဖြေရှင်းရန်ပျက်ကွက်ခဲ့မှုကြောင့် ထိုပြဿနာများကို ဖြေရှင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည့်အတွက် ထိုပြဿနာများကို ပြေလည်အောင် ဖြေရှင်းပြီး **လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ဖို့**ကို ရည်မှန်းချက် ၂ ရပ်၊ ရှေ့လုပ်ငန်းစဉ်များ ၅ ရပ်နှင့် ဦးတည်ချက်များ ၉ ရပ်တို့ချမှတ်ကာ လက်ရှိတည်ဆဲအစိုးရက ဆောင်ရွက်နေခြင်းသာဖြစ်သည်ဟု မြင်ပါသည်။

နစကအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပေးဖို့ လုပ်ဆောင်လျက်ရှိရာ မိမိဖြတ်သန်းလာသော သမိုင်းအတွေ့အကြုံများအရ ရွေးကောက်ပွဲတွင် အဖြစ်သင့်ဆုံးသော

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ရွေးကောက်ပွဲစနစ်များကိုလည်း အကြံပြုလိုပါသည်။ ယခင်ရွေးကောက်ပွဲသုံးခုတွင် အသုံးပြုခဲ့သော **အနိုင်ရသူ အကုန်ယူစနစ် (First past the post)** နှင့်အတူ **အချိုးကျကိုယ်စားပြုခြင်း စနစ် (Proportional Representation) ကိုပါ ပူးတွဲ** ကျင့်သုံးမှသာ မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ပို၍သင့်တော်မည်ဖြစ်ပါသည်။

**အနိုင်ရသူအကုန်ယူစနစ် (First past the post)**

မဲဆန္ဒနယ်တစ်နယ်တွင် ပါဝင်ယှဉ်ပြိုင်သူများအနက် မဲအများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်သော စနစ်ဖြစ်ပါသည်။ မဲဆန္ဒနယ်တစ်နယ်တွင် တစ်ယောက်သာ ရွေးကောက်တင်မြှောက်သည့် ပုံသဏ္ဍာန်မှာယှဉ်ပြိုင်သူများအနက်မှ **အနိုင်ရသူအကုန်ယူစနစ် (First past the post)** ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်ရာ ယင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းသည် ဆန္ဒမဲပေးသူများအတွက် အချိုးကျနှင့် သင့်တင့်လျောက်ပတ်သည့် ကိုယ်စားပြုခြင်းမရရှိနိုင်ပါ။ ဥပမာအနေဖြင့် အရိုးရှင်းဆုံးဖြစ်စဉ်တစ်ခုဖြင့် လူအများနားလည်လွယ်အောင်တင်ပြလိုပါသည်။ လူအယောက် ၁၀၀၀ ခန့်ရှိသော မဲဆန္ဒနယ်တစ်ခုတွင် A,B,C ဟူ၍ ယှဉ်ပြိုင်ရွေးကောက်ပွဲဝင်သူ သုံးဦးရှိသည်ဆိုကြပါစို့။ A သည် ၄၀၀ မဲ၊ B သည် ၂၅၀ မဲ၊ C သည် ၃၅၀ မဲရလျှင် A သည် မဲအများဆုံးရသဖြင့် ထိုမဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ခံရလေသည်။ ထိုဖြစ်စဉ်ကို သုံးသပ်လျှင် လူ ၁၀၀၀ တွင် A ကို ကြိုက်သူ ၄၀၀၊ မကြိုက်သူ ၆၀၀ ခန့်ရှိသော်လည်း A သည် ထိုမဲဆန္ဒနယ်ရှိ လူ ၁၀၀၀ လုံးကို ကိုယ်စားပြုသော ကိုယ်စားလှယ်ဖြစ်သွားခြင်းပင်ဖြစ်သည်။

**FPTP စနစ်၏ အားသာချက်နှင့် အားနည်းချက်များ**

FPTP စနစ်၏ အားသာချက်များကို အကြမ်းဖျင်းဖော်ပြရလျှင် တိကျပြတ်သားသည့် ရွေးချယ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်း၊ ပါတီစုံညွန့်ပေါင်းအုပ်ချုပ်ရာမှဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို ရှောင်လွှဲနိုင်ခြင်း၊ လွှတ်တော်တွင်း အတိုက်အခံအင်အားစုကိုလည်း ပေါ်ပေါက်စေသဖြင့် တစ်ပါတီအစိုးရ၏ ဆန့်ကျင်ဘက်တွင် အတိုက်အခံအင်အားစုဖြင့် အပြန်အလှန်ထိန်းကျောင်းပေးနိုင်သည့် လုံလောက်သော လွှတ်တော်ကိုယ်စားလှယ်နေရာများကို ပေးထားနိုင်ခြင်း၊ မိမိတို့၏ ပါတီအမည်ထက် သတ်မှတ်ထားသည့် မြို့ သို့မဟုတ် ဒေသမဲဆန္ဒနယ်များကို ကိုယ်စားပြုကြရခြင်း၊ မဲဆန္ဒရှင်များအတွက် ပါတီကိုရွေးချယ်မှုပြုခြင်းထက် ကိုယ်စားလှယ်လောင်းများအား ရွေးချယ်မှု ကို ဖြစ်ပေါ်စေနိုင်ပါသည်။

FPTP စနစ်၏ အားနည်းချက်များမှာ အကြမ်းဖျင်းအားဖြင့် လူနည်းစုပါတီများကို ဘေးဖယ်ထားခြင်း၊ လူနည်းစုများကို ဖယ်ထုတ်ထားခြင်း၊ အမျိုးသမီးများကို ချန်လှပ်ထားခြင်း၊ မဲအလေအလွင့်ဖြစ်မှုများပြားခြင်း၊ မကြာခဏကြားဖြတ်ရွေးကောက်ပွဲများကျင်းပရန်လိုခြင်း၊ ဆန္ဒမဲနယ်နိမိတ် ကန့်သတ်ရန်လိုအပ်ခြင်း၊ နိုင်ငံရေးအကျိုးအမြတ်အတွက် ရည်ရွယ်သည့် လက်ဝါးကြီးအုပ်မှုဖြစ်ပေါ်စေနိုင်ခြင်းနှင့် အဝေးရောက်မဲပေးစနစ်ကို စီစဉ်ရခက်ခဲခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

**အချိုးကျကိုယ်စားပြုခြင်းစနစ်**

**(Proportional Representation)**

မဲဆန္ဒနယ်တစ်ခုကို ဧရိယာကျယ်ပြန့်စွာသတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအလိုက်ရရှိမည့် ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ပေးသည့်စနစ်ဖြစ်ပါသည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်တင်မြှောက်ခံနိုင်ပါသည်။ ဥပမာအနေဖြင့် အရိုးရှင်းဆုံးဖြစ်စဉ်တစ်ခုဖြင့် လူအများ နားလည်လွယ်အောင်တင်ပြလိုပါသည်။ လူဦးရေ ၁၆ သိန်းခန့်ရှိသော မဲဆန္ဒနယ်တစ်ခုတွင် ကိုယ်စားလှယ်ရှစ်ဦး သတ်မှတ်ထားသည်ဆိုပါစို့။ အကြမ်းဖျင်းအရ ကိုယ်စားလှယ်တစ်ဦးလျှင် လူနှစ်သိန်းခန့် အချိုးကျကိုယ်စားပြုသည့်သဘောပင်ဖြစ်ပါသည်။ ထိုမဲဆန္ဒနယ်တွင် ပါတီလေးခုက ဝင်ရောက်ယှဉ်ပြိုင်လျှင် မဲဆန္ဒပေါင်း ရှစ်သိန်းရရှိသည့် ပါတီက ကိုယ်စားလှယ်လေးနေရာ၊ မဲဆန္ဒလေးသိန်းရရှိသော ပါတီက နှစ်နေရာ၊ မဲဆန္ဒပေါင်းနှစ်သိန်းစီရရှိသော ပါတီနှစ်ခုက ကိုယ်စားလှယ်နေရာ တစ်နေရာစီဟူ၍ စုစုပေါင်းရှစ်နေရာ ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်ပါသည်။

**PR စနစ်၏ အားသာချက်နှင့် အားနည်းချက်များ**

PR စနစ်၏အားသာချက်များကိုဖော်ပြရလျှင် အချိုးညီမျှမှုရှိခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ လူနည်းစုကိုယ်စားပြုမှုရှိခြင်း၊ မဲအလေအလွင့်ဖြစ်မှုနည်းပါးခြင်း အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်ခံရရန်ပိုမိုလွယ်ကူခြင်း၊ မဲဆန္ဒနယ်နိမိတ်များ ရေးဆွဲသတ်မှတ်ရန် မလိုခြင်း (သို့မဟုတ်) နည်းပါးခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရန်မလိုခြင်း၊ အဝေးရောက်မဲစနစ်ဖြင့် ဆန္ဒမဲပေးရန် ပိုမိုလွယ်ကူခြင်း၊ တစ်ပါတီကြီးစိုးသည့် ဒေသများဖြစ်ပေါ်မှုကို ကန့်သတ်ထားခြင်းနှင့် လာရောက်မဲပေးသူများ အရေအတွက် များပြားနိုင်ဖွယ်ရှိခြင်းတို့ပင်ဖြစ်ပါသည်။

PR စနစ်၏အားနည်းချက်များကိုဖော်ပြရလျှင် ညွန့်ပေါင်းအစိုးရများ ဖြစ်ပေါ်စေပြီး အစိတ်စိတ်အမြွှာမြွှာကွဲပြားနေသော ပါတီစုံစနစ်ကို ဖြစ်ပေါ်စေခြင်းဟူသော ဝေဖန်မှုများရှိခြင်းနှင့် ညွန့်ပေါင်းအစိုးရအဖွဲ့များကို ဖြစ်ပေါ်စေသဖြင့် အကျိုးဆက်အဖြစ် ဥပဒေပြုရေးကိစ္စတွင် လျော်ကန်သော မူဝါဒများချမှတ်ရန် အကျပ်အတည်း ဖြစ်စေတတ်ခြင်းတို့ ဖြစ်ပေါ်တတ်ပါသည်။

**FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေး**

တိုင်းရင်းသားလူမျိုးစုများတွင် လူဦးရေများသော အုပ်စုများလည်းရှိသကဲ့သို့ လူဦးရေနည်းသော အုပ်စုများလည်းရှိပါသည်။ တိုင်းရင်းသားလူမျိုးစုများသော နေရာဒေသများတွင် FPTP စနစ်နှင့်သာ ရွေးကောက်ပွဲကျင်းပမည်ဆိုလျှင် တိုင်းရင်းသားမျိုးနွယ်လူနည်းစုအတော်များများသည် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ရောက်လာနိုင်ရန် ရာခိုင်နှုန်းအလွန်နည်းပါးသည်။ ကျွန်တော် ကျင်လည်ခဲ့သော နိုင်ငံရေးသမားဘဝအတွေ့အကြုံများအရ ပြောရမည်ဆိုလျှင် ဥပမာအနေနှင့် ကချင်ပြည်နယ်တွင် ဂျိမ်းဖောလူမျိုးကများပြီး လီဆူလူမျိုးနှင့် ရဝမ်လူမျိုးတို့မှာ လူဦးရေနည်းပါးသည်။ ထို့အတူပင် ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုးနှင့် ပအိုဝ်းလူမျိုးမှာ လူဦးရေများပြားသော်လည်း ဓနုလူမျိုးနှင့် အာခါလူမျိုးမှာ လူဦးရေနည်းပါးပါသည်။

ယခင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲက ဥပမာတစ်ခု၊ နှစ်ခုကိုချပြရမည်ဆိုလျှင် ပထမဥပမာအနေဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၌ NLD ပါတီက အနိုင်ရရှိခဲ့ပါသည်။ FPTP စနစ်အရ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီသည် အနိုင်ရပါတီနှင့် ဆန္ဒမဲ ၆၃၀ မဲသာ ကွာသော်လည်း ၎င်းတို့တိုင်းရင်းသားနယ်မြေတွင် အနိုင်ရရှိခဲ့ခြင်း မရှိခဲ့ပါ။

ဒုတိယဥပမာအနေဖြင့် ရှမ်းပြည်နယ် နမ့်စန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ ပြည်ခိုင်ဖြိုးပါတီက အနိုင်ရရှိခဲ့ပါသည်။

**❁ PR စနစ်၏ အားသာချက်များကိုဖော်ပြရလျှင် အချိုးညီမျှမှုရှိခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ လူနည်းစုကိုယ်စားပြုမှုရှိခြင်း၊ မဲအလေအလွင့်ဖြစ်မှုနည်းပါးခြင်း၊ အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်ခံရရန် ပိုမိုလွယ်ကူခြင်း၊ မဲဆန္ဒနယ်နိမိတ်များ ရေးဆွဲသတ်မှတ်ရန် မလိုခြင်း (သို့မဟုတ်) နည်းပါးခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရန်မလိုခြင်း၊ အဝေးရောက်မဲစနစ်ဖြင့် ဆန္ဒမဲပေးရန် ပိုမိုလွယ်ကူခြင်း၊ တစ်ပါတီကြီးစိုးသည့် ဒေသများဖြစ်ပေါ်မှုကို ကန့်သတ်ထားခြင်းနှင့် လာရောက်မဲပေးသူများ အရေအတွက် များပြားနိုင်ဖွယ်ရှိခြင်းတို့ပင်ဖြစ်**

FPTP စနစ်အရ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် အနိုင်ရပါတီနှင့် ဆန္ဒမဲ ၁၈၂၃ မဲသာ ကွာသော်လည်း ၎င်းတို့ တိုင်းရင်းသား နယ်မြေတွင် အနိုင်ရရှိခဲ့ခြင်း မရှိခဲ့ပါ။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူဘဲ တိုင်းရင်းသားမျိုးနွယ် ၁၀၀ ကျော် မှီတင်းနေထိုင်နေကြသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၎င်းတိုင်းရင်းသားအများစုသည်လည်း ပြည်နယ်များတွင် နေထိုင်ကြသည်ကသာ များလေသည်။ အထက်ပါ ဥပမာနှစ်ခုမှာ FPTP စနစ်ကြောင့် တိုင်းရင်းသားနယ်မြေများတွင် တိုင်းရင်းသားကိုယ်စားပြုပါတီများ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်မရခဲ့သည့် အခြေအနေများထဲမှ အချို့ကို သိသာနိုင်စေရန် တင်ပြခြင်းဖြစ်ပါသည်။ တိုင်းရင်းသားနယ်မြေတွင် တိုင်းရင်းသားကိုယ်စားပြုပါတီများမှ ကိုယ်စားလှယ်များလည်း ပါဝင်သင့်သည် မဟုတ်ပါလား။

အထက်ပါဖော်ပြခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များမှ အားသာချက်အားနည်းချက်များကို ဖော်ထုတ်ကာ တိုင်းရင်းသားမျိုးနွယ်စုများပြားသော ပြည်နယ်များတွင် လူဦးရေနည်းပါးသော တိုင်းရင်းသားမျိုးနွယ်စုများ အခွင့်အရေးမဆုံးရှုံးစေရန်အတွက် **ပြည်နယ်များတွင် PR စနစ်ကို ကျင့်သုံးခြင်းသည် အကောင်းဆုံး** ဖြစ်ပါသည်။ သို့မှသာ လူဦးရေနည်းသော တိုင်းရင်းသားလူနည်းစုများအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ ပြည်ထောင်စုလွှတ်တော်များ အစရှိသည့် နိုင်ငံရေးစင်မြင့်ထက်တွင် ပါဝင်လာနိုင်ခြင်းဖြင့် လက်နက်ကိုင်လမ်းစဉ်ကို မလိုက်ဘဲ နိုင်ငံရေးနည်းဖြင့် ၎င်းတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆွေးနွေးမှုများ၊ တရားသဖြင့် တောင်းဆိုမှုများကို ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ပြည်နယ်များတွင် တိုင်းရင်းသားမျိုးနွယ်စုများစွာ အခြေချနေထိုင်ကြပါသည်။ သို့သော် ပြည်မတွင်မူ တိုင်းရင်းသားလူမျိုးများစွာနေထိုင်သည်ကို မတွေ့ရဘဲ လူမျိုးတူများက ပါတီများစွာဖွဲ့စည်းထားကြသည်။ ထိုပါတီများထဲမှ စုစုစည်းစည်း ကျစ်ကျစ်လျစ်လျစ်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ အရေအတွက်ထက် အရည်အချင်းကိုဦးစားပေးရန် တစ်နည်းအားဖြင့် ပါတီအမည်ခံသော်လည်း ပါတီဝင်အင်အား ဖြစ်ဖြစ်မြောက်မြောက်မရှိသော ပါတီများစွာ အစိုးရအဖွဲ့ထဲသို့ ရောက်ရှိလာမည့်အစား ပါတီဝင်အင်အားတောင့်တင်းခိုင်မာပြီး နိုင်ငံ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်မည့် အရည်အချင်းနှင့် အတွေ့အကြုံများသည့်ပါတီမျိုး ပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း **ပြည်မတွင်မူ FPTP စနစ်ကို ကျင့်သုံးခြင်းက ပို၍သင့်တော်ကြောင်း** တွေ့ရှိရပါသည်။

ရွေးကောက်ပွဲကို အောင်မြင်ရေးဆောင်ရွက်နေတဲ့ နစကအစိုးရဟာ ပြီးခဲ့တဲ့ရက်ပိုင်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့ ကမ်းလှမ်းဖိတ်ခေါ်မှု ထုတ်ပြန်ချက်တစ်ခု ထုတ်ခဲ့ပါသေးတယ်။ ဒါကတော့ နိုင်ငံရေးပြဿနာကို လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းနေတဲ့ EAO တွေ၊ အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ PDF တွေကိုပါ လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်း ဒါမှမဟုတ် ရွေးကောက်ပွဲလမ်းကြောင်း စတဲ့နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ဖို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့တာဖြစ်ပါတယ်။ ဩော်...အလွန်စိတ်ရှည် သည်းခံနိုင်သော အစိုးရပါလားလို့တောင် စိတ်ထဲတွေးမိလိုက်သေးသည်။

UEC အနေဖြင့်လည်း ယခုကဲ့သို့ ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ယှဉ်တွဲအသုံးပြုရာတွင် နည်းစနစ်ပိုင်းဆိုင်ရာ၊ နယ်မြေသတ်မှတ်ချင်းဆိုင်ရာ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ မဲရေတွက်ခြင်းဆိုင်ရာများတွင် များစွာသောအခက်အခဲများ ကြုံတွေ့နိုင်လေသည်။ သို့သော် တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော်တို့ အခွင့်အရေးများရရှိရေးအတွက် ရည်မျှော်၍ FPTP စနစ်နှင့်အတူ PR စနစ်ကိုပါ ယှဉ်တွဲကျင့်သုံးပေးနိုင်ပါရန် ဤဆောင်းပါးမှတစ်ဆင့် တိုက်တွန်းပါသည်။

ဒီစနစ်နှစ်ခုကို ယှဉ်တွဲအသုံးပြုခြင်းဖြင့် မြန်မာ့ဒီမိုကရေစီလမ်းကြောင်းတွင် တိုင်းရင်းသားများ၏ အခွင့်အရေးများကို ပိုမိုဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း စာရေးသူအနေဖြင့် သုံးသပ်ရပါသည်။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများအနေဖြင့် UEC ၏ ထုတ်ပြန်ချက်များအရ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၅၂ ပါတီဖြစ်ပါသည်။ ယင်းပါတီများအနက်မှ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီနှင့် မြိုတိုင်းရင်းသားပါတီတို့အား မှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သဖြင့် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၅၀ ပါတီဖြစ်ပါသည်။

**FPTP စနစ်နှင့်အတူ PR စနစ် ကိုပါ ယှဉ်တွဲကျင့်သုံးကြပါစို့**

တပ်မတော်က အပြစ်အနာအဆာ တစ်စက်မှမရှိဘဲ မွေးဖွားသန့်စင်ပေးလိုက်သော ဒီမိုကရေစီခရီးသည် ၁၀ နှစ်သားအရွယ်တွင် နိုင်ငံ့အာဏာဆက်လက်ရယူရေးအတွက် မဲမသမာမှုကို ပြုလုပ်သော အစိုးရကြောင့် ဆက်လက်ကြီးထွား ဖွံ့ဖြိုးတိုးတက်မှုမရှိတော့ဘဲ ရပ်တန့်ခဲ့လေသည်။ ထို ၁၀ နှစ်သားကို အမည်းစက်ကင်းစင်စွာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ပေါ်ပေါက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အကူအညီပေးရင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ဖြင့် အမိမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းတိုးတက်ချမ်းသာပြီး နိုင်ငံရေး ရည်မှန်းချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသောပြည်ထောင်စုအဖြစ် ရောက်ရှိနိုင်ရေး လက်တစ်ကမ်းသာလိုပါတော့သည်။ ထိုသို့သော လက်တစ်ကမ်းအလိုက ပန်းတိုင်သို့ရောက်ရှိရန် **လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကို မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် သင့်တော်သော FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်မည်ဆိုလျှင်ဖြင့် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားပမာကဲ့သို့ လိုက်ဖက်တင့်တယ်လှမည်ဖြစ်ပါကြောင်း** အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်ခင်ဗျား။ ။

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၂**

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။




၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇေယျာသီရိအားကစားရုံ (A) တွင်ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ အသင်းလိုက်ပြိုင်ပွဲ၊ ပထမ၊ ဒုတိယ၊ တတိယ၊ ပူးတွဲ တတိယဆုရအသင်းများနှင့် ကီလိုတန်းအလိုက် အမျိုးသား/အမျိုးသမီး အကောင်းဆုံးကစားသမားဆုရရှိသူများ၊ မျိုးဆက်သစ် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးသုံးခုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် မျိုးဆက်သစ်အမျိုးသား တံခွန်စိုက်ဒိုင်းဆုကို ရွှေ သုံးခု၊ ကြေး နှစ်ခု ရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုကို ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ရွှေရှစ်ခု၊ ငွေနှစ်ခု၊ ကြေးလေးခုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးသည့် ဒိုင်လူကြီးများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ စုပေါင်းတံခွန်စိုက်ဒိုင်းဆုကို ရွှေ ၁၁ ခု၊ ငွေသုံးခု၊ ကြေးငါးခုဖြင့်ရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့အား တပ်မတော်ဂျူဒိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့ပြင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ကျင်းပလျက်ရှိသော ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီး မာရသွန်ပြေးပြိုင်ပွဲယှဉ်ပြိုင်ကစားပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B) တွင် အမျိုးသား ကွာတားအဆင့်ပတ်လည်ပွဲစဉ်များကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌လည်းကောင်း၊ ၂၀၂၄ ခုနှစ် (၅၄) ကြိမ်မြောက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်နယ်အားကစားခန်းမ၌ကျင်းပရာ ကီလိုတန်းအလိုက် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြပြီးနောက် ဆုပေးပွဲအခမ်းအနားဆက်လက်ကျင်းပရာ လက်ဝှေ့ဒိုင်လူကြီးများ ဂုဏ်ပြုဆုနှင့် "လူသစ်တန်း၊ "က" တန်း၊ အလွတ်တန်း" အဆင့် ဗိုလ်လုပွဲများတွင် တစ်ဦးချင်းဆုရရှိသူများအား တပ်မတော် လက်ဝှေ့ကော်မတီ၊ အတွင်းရေးမှူး တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံမှ ကျောင်းအုပ်ကြီးက လည်းကောင်း၊ "လူသစ်တန်း" အဆင့် အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ(၁)က လည်းကောင်း၊ "က"အဆင့် အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ(၂) က လည်းကောင်း၊ " အလွတ်တန်း " အဆင့် အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုအား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ (၁) ကလည်းကောင်း၊ "လူသစ်တန်း"၊ "က" တန်း၊ "အလွတ်တန်း" အဆင့် တံခွန်စိုက်ဒိုင်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ ၂၀၂၄ ခုနှစ် (၅၄) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းရရှိသော တောင်ပိုင်းစစ်ဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Nyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ ညီညီအောင်အား နံနက် ၉ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ "@user 9338069275500" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကူးမြို့နယ်၊ ထန်းကိုးပင်ကျေးရွာနေ ချိုလွင်ဦးနှင့် "ko.gyi 0636" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်းစိုင်း ကျေးရွာနေ နိုင်းကိုကိုတို့အား နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ "myatsoenaungto" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နွယ်နီကျေးရွာနေ မြတ်စိုးနောင် (ခ) နောင်နောင်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မကွေးခရိုင် မြို့သစ်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက အောက်တိုဘာ ၁ ရက်မှ စတင်ကာ ရပ်ကွက်/ ကျေးရွာအုပ်စုများအလိုက် စာရင်းကောက်ယူရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးတို့က ကြည့်ရှုအားပေးစဉ်။

ကိုဇော်(ပြန်/ဆက်)



သာစည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှစတင်၍ စာရင်းစစ်၊ စာရင်းကောက်များက ကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမြတ်သူရနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစဉ်။

မြို့နယ်(ပြန်/ဆက်)



ပြည်မြို့နယ် ငါးရွာအုပ်စုရှိ တောင်သူ ဦးဝင်းလှိုင်၏ (ဆာဖိုးသာ) စပါးမျိုး ၁၀ ဧကစိုက်ခင်း မိုးစပါးစံပြကွက်ကို အောက်တိုဘာ ၂ ရက်က ရိတ်သိမ်းရာ ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများကြည့်ရှု အားပေးစဉ်။ (အဆိုပါစံကွက်တွင် တစ်ဧကစပါး အစိုထွက်နှုန်း ၁၆၄ ဒသမ ၀၁ တင်းနှင့် အခြောက်ထွက်နှုန်း ၁၄၅ ဒသမ ၆၂ တင်း ထွက်ရှိကြောင်း သိရသည်။)

ကိုဆက်(ပြန်/ဆက်)

# အီရန်ဒုံးကျည်တိုက်ခိုက်မှုကို လက်တုံ့ပြန်မည်ဟု အစ္စရေးက ကတိပြုပြောဆို

**ဂျေရုဆလင် အောက်တိုဘာ ၂**

အီရန်နိုင်ငံက အစ္စရေးသို့ ဦးတည်ကာ ဒုံးကျည်များ တရစပ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် နှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောသည်။

ယင်းတိုက်ခိုက်မှုမှာ အီရန်နိုင်ငံက ကျောထောက်နောက်ခံပေးထားသော အစ္စလာမ္မစ်အဖွဲ့ ခေါင်းဆောင်ကို အစ္စရေးက လုပ်ကြံသတ်ဖြတ်မှုအတွက် လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း တီဟီရန်က ပြောသည်။ ဒုံးကျည် ၁၈၀ ကျော် ပစ်လွှတ်တိုက်ခိုက်ခြင်းဖြစ်ပြီး အများစုကို ပစ်ချနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။

အခြားသော ဒုံးကျည်များသည် နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ ကျရောက်ခဲ့ကြောင်း သိရသည်။ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (အိုင်အာရ်ဂျီစီ) က စစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာနေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပြောသည်။

ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟာဆန် နာစရယ်လာသည် ပြီးခဲ့သည့် သီတင်းပတ်က လက်ဘနွန်နိုင်ငံတွင် သတ်ဖြတ်ခံခဲ့ရသည်။ ထို့အပြင် ဟားမားစ်နိုင်ငံရေးခေါင်းဆောင် အစ္စမေးလ် ဟာနီယေးသည်လည်း ဇူလိုင်လတွင် တီဟီရန်မြို့၌ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။

သို့သော်လည်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ၎င်းတို့၏ လက်တုံ့ပြန်မှုသည် မအောင်မြင်ခဲ့ကြောင်း ပြောသည်။ ထို့ပြင် အီရန်နိုင်ငံသည် ယနေ့ညတွင် အမှားကြီးတစ်ခုပြုလုပ်ခဲ့ကြောင်း၊ ယင်းအတွက် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အမေရိကန် ရေတပ်ဖျက်သင်္ဘောများက ဒုံးကျည်များကို ကြားဖြတ်ပစ်ချပြီး ကူညီခဲ့ကြောင်း ဝါရှင်တန်က ပြောသည်။ အမေရိကန်သည် အစ္စရေးကာကွယ်ရေးကို ထောက်ခံကြောင်း၊ ထိခိုက်မှုများနှင့်ပတ်သက်ပြီး ချင့်တွက်လျက်ရှိနေသေးကြောင်း၊ သို့သော်လည်း လတ်တလောသိထားရသည့်အတိုင်းဆိုလျှင် တိုက်ခိုက်မှုသည် မအောင်မြင်ဖြစ်ပြီး ထိရောက်မှုရှိပုံမပေါ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က ပြောသည်။



ဂျေရုဆလင်မြို့ပေါ်၌ ဒုံးကျည်များအား ကြားဖြတ်ပစ်ချဟန့်တားနေမှုကို အောက်တိုဘာ ၁ ရက်က တွေ့ရစဉ်။

အီရန်နိုင်ငံခြားရေးဝန်ကြီး အဗ္ဗအရာဂ်ချီက ဗြိတိန်၊ ဂျာမနီနှင့်ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးများကို တယ်လီဖုန်းမှတစ်ဆင့် စစ်ဆင်ရေးဆောင်ရွက်မှုပြီးမြောက်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း အစ္စရေးနိုင်ငံက လက်တုံ့ပြန်ရန် ကြိုးပမ်းပါက အီရန်၏ တုံ့ပြန်မှုပိုမိုပြင်းထန်မည်ဟု ၎င်းက ပြောသည်။ အီရန်နှင့် အစ္စရေးနိုင်ငံတို့အကြား ဒုံးကျည်အပြန်အလှန်ပစ်ခတ်မှုမှာ ပထမဆုံးအကြိမ်မဟုတ်ကြောင်း၊ အီရန်နိုင်ငံက ဧပြီလတွင် အစ္စရေးနိုင်ငံသို့ ဒရုန်းနှင့် ဒုံးကျည်ပေါင်း ရာနှင့်ချီပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်းနှင့် ယင်းမှာ ဆီးရီးယားနိုင်ငံရှိ အီရန်သံရုံးကို တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး လက်တုံ့ပြန်တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများကိုပိတ်သိမ်းသည့် ပထမဆုံး ဂျီ ၇ အဖွဲ့ဝင်နိုင်ငံ ဗြိတိန်ဖြစ်လာ

**လန်ဒန် အောက်တိုဘာ ၂**

ဗြိတိန်နိုင်ငံသည် စက်တင်ဘာ ၃၀ ရက်က နိုင်ငံအတွင်း နောက်ဆုံးကျန်ရှိနေသည့် ကျောက်မီးသွေးစွမ်းအင်သုံးဓာတ်အားပေးစက်ရုံကို ပိတ်သိမ်းလိုက်ပြီးနောက် ဂျီ ၇ နိုင်ငံများအနက် ကျောက်မီးသွေးစွမ်းအင်သုံး စက်ရုံများအားလုံးကို ပိတ်သိမ်းသည့် ပထမဆုံးနိုင်ငံဖြစ်လာသည်။



နိုင်ငံအတွင်း ၁၄၂ နှစ်တိုင်တိုင် ကျောက်မီးသွေး စွမ်းအင်အသုံးပြုခဲ့ခြင်းကို အဆုံးသတ်လိုက်ခြင်းလည်းဖြစ်သည်။ ပိတ်ပွဲအခမ်းအနားကို နော့တင်ဟမ်ရှိုင်းယားရှိ Ratcliffe-on-Soar ဓာတ်အားပေးစက်ရုံတွင် အောက်တိုဘာ ၁ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါစက်ရုံကို ၁၉၆၇ ခုနှစ်က စတင်လည်ပတ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါစက်ရုံမှ အရာရှိများနှင့် အစိုးရအရာရှိများ တက်ရောက်ခဲ့ကြသည်။ ကျွန်ုပ်တို့၏ စွမ်းအင်သုံးစွဲမှုစနစ်မှ ကျောက်မီးသွေးကို ကမ္ဘာပေါ်တွင် ပထမဆုံး ဖြတ်တောက်လိုက်နိုင်သည့် အဓိကစီးပွားရေးနိုင်ငံဖြစ်လာသည့်အတွက် ဂုဏ်ယူကြောင်း စွမ်းအင်ဝန်ကြီး မိုက်ကယ်ရှာရန့်က ပြောသည်။

ဗြိတိန်နိုင်ငံသည် ၁၈၈၂ ခုနှစ်တွင် ပထမဆုံး ကျောက်မီးသွေး စွမ်းအင်သုံး ဓာတ်အားပေးရုံကို တည်ထောင်ခဲ့သည်။ ထို့နောက် နိုင်ငံ၏ စက်မှုစွမ်းအင်လိုအပ်ချက်တွင် ကျောက်မီးသွေးသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှ စတင်၍ ဗြိတိန်အစိုးရသည် ဓာတ်ငွေ့နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းမြစ်များကို အသုံးပြု၍ ဓာတ်အား ထုတ်လုပ်ခြင်းကို မိတ်ဆက်ခဲ့သည်။ လွန်ခဲ့သည့်နှစ်အတွင်း ကျောက်မီးသွေးသည် နိုင်ငံလျှပ်စစ်ကဏ္ဍ၏ တစ်ရာခိုင်နှုန်းကိုသာ လွှမ်းခြုံမှုရှိတော့သည်။ **အင်န်အိတ်ချ်ကေ**

# အရှေ့အလယ်ပိုင်းပဋိပက္ခ ကြီးထွားကျယ်ပြန့်လာသည့်အပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြစ်တင်ရှုတ်ချ

**ဂျီနီဗာ အောက်တိုဘာ ၂**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အရှေ့အလယ်ပိုင်း ပဋိပက္ခကျယ်ပြန့်လာမှုအပေါ် အောက်တိုဘာ ၁ ရက်က ပြစ်တင်ရှုတ်ချခဲ့သည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခကြီးထွားပြီးရင်း ကြီးထွားလာပြီး ကျယ်ပြန့်လာမှုကို ရှုတ်ချပါသည်ဟု ကုလသမဂ္ဂအကြီးအကဲက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။

ပဋိပက္ခဖြစ်ပွားမှု ရပ်တန့်ရမည်ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးကို ကျိန်းသေလိုအပ်ကြောင်း ဂူတာရက်စ်က ပြောကြားလိုက်သည်။ အစ္စရေးတပ်ဖွဲ့က မိမိတို့သည် လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာတို့ကို မြေပြင်စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ကြောင်း အောက်တိုဘာ ၁ ရက်နှောင်းပိုင်းက ပြောကြားခဲ့သည်။ လက်ဘနွန်တစ်ဝိုက်နေရာများကို အစ္စရေးတို့ တစ်ရက်ကြာ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သောကြောင့် ၉၅ ဦး သေဆုံးပြီး ၁၇၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ဆိပ်ကမ်းလုပ်သားများ သပိတ်မှောက်မှုကြောင့် အမေရိကန်ဆိပ်ကမ်း ၃၀ ကျော် ပိတ်လိုက်ရ

**နယူးယောက် အောက်တိုဘာ ၂**

အမေရိကန် ပြည်ထောင်စု ဆိပ်ကမ်းပေါင်း ၃၀ ကျော်၌ အလုပ်လုပ်ကိုင်နေသည့် ဆိပ်ကမ်းလုပ်သားများ သပိတ်မှောက်မှုကြောင့် စီးပွားရေးအပေါ်တွင် ကြီးမားသည့်သက်ရောက်မှုဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြသည်။

စက်တင်ဘာ ၃၀ ရက်က အလုပ်ရှင်အဖွဲ့အစည်းနှင့် အမေရိကန်အရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ သမဂ္ဂ လုပ်သားများ သဘောတူညီမှုမရရှိသဖြင့် သမဂ္ဂလုပ်သား ၄၅၀၀၀ ခန့် အောက်တိုဘာ ၁ ရက်က ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့သည် လုပ်ခလစာတိုးနှုန်းနှင့် အလိုအလျောက်စနစ် နည်းပညာများ အသုံးပြုရန် ညှိနှိုင်းနေကြသည်။




အလုပ်သမားရှင်များဘက်မှ ခြောက်နှစ်ကျော်ကာလအတွင်း လုပ်ခလစာကို ၅၀ ရာခိုင်နှုန်းအထိ တိုးရန် နောက်ဆုံးမိနစ်အထိ ကမ်းလှမ်းခဲ့ကြသည်။ နယူးယောက်၊ နယူးဂျာစီနှင့်တက္ကဆက်ပြည်နယ်တို့အပါအဝင် ပြည်နယ်အများစု၌ သပိတ်မှောက်မှုပြုလုပ်နေသည့် ဆိပ်ကမ်းများရှိသည်။

အဆိုပါ ဆိပ်ကမ်းများသည် အစားအသောက်နှင့် ဆေးဝါးများအပါအဝင် အမေရိကန်ကုန်တင်သင်္ဘောများ ထက်ဝက်နီးပါးကို ကိုင်တွယ်နေရသည့် ဆိပ်ကမ်းများဖြစ်သည်။ ဆိပ်ကမ်းများပိတ်လိုက်ခြင်းဖြင့် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ ဆုံးရှုံးနစ်နာနိုင်သည်ဟု ခန့်မှန်းချက်အရ သိရသည်။ **အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ၁၃ ဦးသေဆုံး

**ကဘူးလ် အောက်တိုဘာ ၂**

မကြာသေးမီက အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားခဲ့သောကြောင့် ၁၃ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့မှ အရာရှိတစ်ဦးက အောက်တိုဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂါဇနီ၊ လဲ့ဟ်မင်းန်၊ နန်ဂါဟာ၊ ဖာရာ၊ ပဲ့ခ်တီယာ၊ ဘတ်ဂစ်၊ ဟီရတ်နှင့် ဒေကွန်ဒီပြည်နယ်များ၌ လျှပ်တစ်ပြက်ရေကြီးနစ်မြုပ်ခဲ့ကြောင်း အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မူလာ ဂျာနန်ဇာအစ်က ပြောကြားခဲ့သည်။

လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများကြောင့် ဖော်ပြပါပြည်နယ်များအတွင်း ပြည်သူတို့၏ ပိုင်ဆိုင်မှုများ အများအပြားဆုံးရှုံးခဲ့ပြီး လူနေအိမ် ၁၀၉ လုံးနှင့် လယ်စိုက်ဧက ၆၅၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဇာအစ်က ပြောကြားသည်။

မေလကတည်းက မိုးရွာသွန်းမှုနှင့်ပတ်သက်သော ဖြစ်စဉ်များအတွင်း လူပေါင်း ၄၀၀ ကျော်သေဆုံးခဲ့သည်။ ထို့အတူ ငွေကြေးဆုံးရှုံးမှုတန်ဖိုးများပြားသည်။

**ဆင်ဟွာ**

# ရေစကြိုမြို့နယ်၌ ဝါသီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး ရေစကြို မြို့နယ်တွင် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်းနှင့် ဝါသီးနှံများကို စိုက်ပျိုးလျက်ရှိရာ မြေခဲတောင်၊ ကိုင်းမကျီး၊ ပခန်း၊ မြေဖြူ၊ ငွေးချို၊ စည်သာ၊ ဆင်ချောင်း စသည့်ကျေးရွာများတွင် ဝါသီးနှံများကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း၊ ပြည်တွင်းဖြစ် အဝတ်အထည်များ ထုတ်လုပ်နိုင်ရန်အတွက် အခြေခံလိုအပ်သည့်ချည်များ အများအပြားထွက်ရှိစေရေး ဝါသီးနှံစိုက်ပျိုးမှုကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး ရေစကြိုမြို့နယ်တွင် ဝါသီးနှံ ၃၁၃၄ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဝါသီးနှံများ စိုက်ပျိုးရာတွင် သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးသန့်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြပြီး သီးသန့်စိုက်ပျိုးခြင်းကို အများဆုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဩဂုတ်လတွင် စတင်စိုက်ပျိုးကြပြီး မျိုးများအနေဖြင့် ဒေသမျိုး၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ချည်မျှင်ရှည်ဝါ စသည့်မျိုးများကို စိုက်ပျိုးကြကြောင်း၊ ဝါသီးနှံတစ်ကေလျှင် မျိုးစေ့ ခုနစ်ပိဿာခန့် စိုက်ပျိုးရပြီး စိုက်ပျိုးမှုအတွက် ထွန်ယက်ခ၊ မျိုးစေ့၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်း ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် တစ်ကေတွင် ပိဿာချိန် ၂၅၀–၃၅၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဝါသီးနှံပေါ်စအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ငါးသိန်းခန့်ရရှိကြောင်း သိရသည်။

စက်တင်ဘာလ နောက်ဆုံးပတ်တွင် ဝါသီးနှံ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀–၄၅၀၀–၅၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဝါသီးနှံများကို ပခုက္ကူနှင့် ရေစကြိုမြို့ပေါ်ရှိ ဝါသီးနှံ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ဝါသီးနှံသည် စိုက်ပျိုးရန် လွယ်ကူပြီး မိုးသီးနှံဖြစ်သည့်အတွက် မိုးတွင်းကာလမှာ စိုက်ပျိုးကာ မိုးကောင်းသော နှစ်များတွင် အထွက်နှုန်း ပိုမိုထွက်ရှိကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံများမှာ အကိုင်းအခက်များဝေဆာ၍ အသီးအပွင့်များ စတင်ပွင့်ဖူးကာ ဖြစ်ထွန်းအောင်မြင်လျက် ရှိသောကြောင့် အထွက်နှုန်းကောင်းမွန်၍ အကျိုးအမြတ်များ ပိုမိုရရှိရန် မျှော်လင့်လျက်ရှိကြောင်း တောင်သူ တစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**





# သရက်ခရိုင်၌ နှံစားပြောင်းသီးနှံ စိုက်ပျိုးဖြစ်ထွန်းမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကံတုပ်ကျေးရွာသည် နှမ်း၊ ပဲစင်းငုံနှင့် ကုလားပဲသီးနှံများကို အဓိကစိုက်ပျိုးကြပြီး နှံစားပြောင်းသီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးကာ ၂၀၂၄ ခုနှစ်တွင် ၄၆ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

နှံစားပြောင်းသီးနှံကို ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလဆန်းတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ထွက်တိုး(နီ)နှင့် ထွက်တိုး (ဖြူ) မျိုးများဖြစ်ပြီး ထွက်တိုး (နီ)မျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ နှံစားပြောင်းသီးနှံကို ထွန်ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရပြီး တစ်ကေလျှင် မျိုးစေ့တစ်တင်းခွဲခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ်သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ၃၅–၄၃ တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် နှံစားပြောင်းပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀–၃၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ငွေကျပ်ခုနစ်သိန်းကျော်ခန့် အမြတ်ရရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလနောက်ဆုံးပတ်တွင် နှံစားပြောင်း တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀–၃၈၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ အများဆုံးတင်ပို့ရောင်းချပြီး မင်းဘူးမြို့နှင့် မကွေးမြို့ရှိ ပွဲရုံများသို့လည်း တင်ပို့ရောင်းချကြောင်းသိရသည်။

**DOCA (မကွေး)**

# နှစ်ရှည်သီးနှံ သြဇာပင်စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျွဲသိုးမြောင်၊ ထောက်ရှာပင်၊ ကျောက်တန်းနှင့် ရေမြက်ကျေးရွာများတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သည့် သြဇာသီးနှံကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

သြဇာပင်ကို မိုးဦးကျကာလများဖြစ်သည့် ဇွန်လနှင့်ဇူလိုင်လများတွင် စိုက်ပျိုးပြီး ၅ နှစ်အကြာတွင် အသီးများ စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သြဇာသီးအညိုရောင်မျိုးနှင့် အစိမ်းရောင်မျိုးများဖြစ်ပြီး အစိမ်းရောင်မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် သြဇာစေ့ကို ပျိုးထောင်၍ ခြောက်လသားအရွယ်တွင် ရှစ်ပေအကွာ စိုက်ကျင်းများ၌ မြေချစိုက်ပျိုးရပြီး တစ်ကေလျှင် သြဇာပင် ၂၅၀ ကျော်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ သြဇာပင်သည် နှစ်ရှည်သီးနှံဖြစ်သောကြောင့် နှစ်စဉ်ပြုစုပျိုးထောင်ရပြီး စတင်စိုက်ပျိုးသည်မှ အသီးခူးဆွတ်ရသည်အထိ တစ်ကေလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် သြဇာပင်တစ်ပင်လျှင် အလုံးရေ ၆၀–၈၀ ထွက်ရှိပြီး တစ်ကေလျှင် သြဇာသီး အလုံးရေ ၁၅၀၀၀–၂၄၀၀၀ ခန့် ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိပြီး ဈေးနှုန်းအနေဖြင့် စက်တင်ဘာလနောက်ဆုံးပတ်တွင် သြဇာသီးတစ်ပိဿာလျှင် လက်ကားဈေးငွေကျပ် ၃၀၀၀–၄၀၀၀ ဖြင့် လည်းကောင်း၊ သြဇာသီးအလုံးအရွယ်အစားအပေါ်မူတည်၍ တစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၂၅၀–၃၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချပြီး တစ်ကေလျှင် ငွေကျပ် ၂၅ သိန်းခန့် အမြတ်ရရှိကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှု များပြားသောကြောင့် သြဇာသီးအထွက်နှုန်းအနည်းငယ်လျော့နည်းသော်လည်း ဈေးနှုန်းကောင်းမွန်သည့်အတွက် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**

# အထက်မင်းလှမြို့နယ်၌ ကြက်သွန်နီသီးနှံများ စတင်စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ကုန်းကြီးကျေးရွာအုပ်စုရှိ ဂျင်ရဲမြောင်(စံပြ)ကျေးရွာတွင် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီသီးနှံကို စိုက်ပျိုးလျက်ရှိရာ ၂၀၂၄ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်အထိ ကြက်သွန်နီ ဧက ၄၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကြက်သွန်နီသီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ အကြာတွင် တူးဖော်ရကြောင်း၊ မျိုးအနေဖြင့် ကြက်သွန်နီ (ဇော်မွှားဥစိုက်) မျိုးများကို စိုက်ပျိုးပြီး တစ်ကေလျှင် မျိုးဥအရွယ်အစားပေါ်မူတည်၍ ပိဿာချိန် ၃၅၀–၄၀၀ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် ငွေကျပ် ၂၀ သိန်းခန့်ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ပိဿာချိန် ၃၀၀၀ ခန့်ထွက်ရှိခဲ့ပြီး ကြက်သွန်နီသီးနှံပေါ်စအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀–၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ အကျိုး အမြတ်အနေဖြင့် ငွေကျပ်သိန်း ၉၀ ကျော်ခန့်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်း ရောင်းချမှုအပြင် ရန်ကုန် (ဘုရင့်နောင်ပွဲရုံ) သို့တင်ပို့ရောင်းချကြောင်း သိရသည်။ **DOCA (မကွေး)**

## ၂.၁၀.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇေဝိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | - | ၂၀၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၄၅၀ | ၃၄၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၇၆၅၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၄၈၀၀ | | ၉၀၀၀ | ၂၂၀၀၀ | ၈၁၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | | | ၆၀၀၀ | ၁၃၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၆၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၂၀၀ | ၇၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၀၀၀ | ၁၄၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၉၈၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၁၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၂၀၀၀ | ၇၁၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၂၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၅၀၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၇၇၅၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၄၀၀ | ၂၁၀၀၀ | ၇၇၆၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၄၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၃၅၀၀ | | ၆၀၀၀ | ၁၇၅၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၇၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၂၆၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၄၅၀ | ၉၅၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၆၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၇၄၅၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၁၀၀၀ | ၇၅၉၀ | ၁၂၆၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၄၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၂၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၁၀၀၀ | ၇၅၉၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၈၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၂၉၀၀၀ | ၂၈၀၀၀ | | ၁၈၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## မြစ်သားမြို့နယ် ရေဘေးသင့်ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**မန္တလေး အောက်တိုဘာ ၂**

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ဆုံးရှုံးခဲ့ရသော ငါးမွေးတောင်သူများအား ငါးသားပေါက်များ အခမဲ့ ငါးမျိုးစိုက်ထည့်ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီခွဲတွင် မြစ်သားမြို့နယ် ကူမဲမြို့ရှိ ရွှေဘုံသာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူမဲ ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ရေဘေးသင့်ပြည်သူများနှင့် ငါးမွေးတောင်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် ကူမဲ ငါးလုပ်ငန်းစခန်းမှ ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်မှ ရေဘေးကြောင့် ဆုံးရှုံးခဲ့သော ငါးမွေးတောင်သူ ၁၀ ဦးအား နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၆၃၃၄၀ အား အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## မြဝတီခရိုင်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဆုချီးမြှင့်

**မြဝတီ အောက်တိုဘာ ၂**

ကရင်ပြည်နယ် မြဝတီခရိုင် ရဲတပ်ဖွဲ့မှ နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁ ရက်က ခရိုင်ရဲတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးပေးပို့သော သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးက ဖတ်ကြားပြီး လူ၊ လက်နက် ခဲယမ်းထိခိုက်/ ပါဆုံးမှုမရှိအောင် တိုက်ပွဲဝင်ခဲ့သည့် တပ်ဖွဲ့ဝင် ၁၃ ဦး၊ လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင် သုံးဦး၊ နေအိမ်လိုင်းခန်းသန့်ရှင်း ရေးဆု ငါးဆု၊ နေအိမ်လိုင်းခန်းသန့်ရှင်းရေး အားအနည်းဆုံးဆု သုံးဆု၊ ရဲတပ်ဖွဲ့နှင့် ရဲလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူပြည်သူ ငါးဦးနှင့် ရဲမှူထမ်းဟောင်း ၃၆ ဦး တို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ နယ်မြေခံ တပ်ရင်းမှူး ဗိုလ်မှူး ဇော်ဟံဦးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**




## နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကျင်းပ

**မုံရွာ အောက်တိုဘာ ၂**

နှစ်(၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဇနီးများ၊ ဆုရရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တစ်ဆင့်မြင့်ရာထူး ရရှိ သူနှစ်ဦး၊ ရဲသူရတံဆိပ်ရရှိသူ တစ်ဦး၊ ရဲဗလတံဆိပ် ရရှိသူတစ်ဦး ငွေကျပ်သိန်း ၁၀၀၀၀ နှင့်အထက် မူးယစ်ဆေးဝါး ဖမ်းဆီးရမိသူ တစ်ဦး၊ ရဲသူရတံဆိပ်ရရှိသူတစ်ဦး၊ တစ်ဆင့်မြင့်ရာထူးရရှိသူ နှစ်ဦး၊ ရဲဗလတံဆိပ်ရရှိသူ တစ်ဦး၊ ငွေကျပ် သိန်း ၁၀၀၀၀ နှင့်အထက် မူးယစ်ဆေးဝါး ဖမ်းဆီးရမိသူ တစ်ဦး၊ တစ်ဆင့်မြင့်ရာထူး ရရှိသူ နှစ်ဦး၊ ရဲဗလတံဆိပ်ရရှိသူနှစ်ဦး၊ ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ နှင့် အထက် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသူတစ်ဦးတို့ကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

❒ *ကျောဖုံးမှ*

အုပ်စုမဲခွဲမှုအရ အနောက်အာရှဇုန် အုပ်စု(A)တွင် အရှေ့ဘင်ဂေါ (အိန္ဒိယ)၊ Nejmeh(လက်ဘနွန်)၊ Bashundhara Kings (ဘင်္ဂလားဒေ့ရှ်)၊ ပါရို(ဘူတန်)၊ အုပ်စု (B)တွင် အယ်လ်အာရာဘီ (ကူဝိတ်)၊ အာကာဘက် (တာ့ခ်မင်နစ္စတန်)၊ မာဇီယာ (မော်လ်ဒိုက်)၊ အဘာဒက်ရှ် (ကာဂျစ္စတန်)၊ အုပ်စု (C) တွင် အယ်လ်အာလီ (ဘာရိန်း)၊ အယ်လ်ဖိုတိုဝါ (ဆီးရီးယား)၊ အယ်လ်ဆာဘ် (အိုမန်)၊ ဟီလယ်လ် (ပါလက်စတိုင်း)၊ အရှေ့အာရှဇုန် အုပ်စု (D) တွင် ရှမ်းယူနိုက်တက် (မြန်မာ)၊ တိုင်နန်စီးတီး (တရုတ်တိုင်ပေ)၊ Young Elephant (လာအို)၊ အုပ်စု (E) တွင် မာဒူရာယူနိုက်တက် (အင်ဒိုနီးရှား)၊ Svay Rieng (ကမ္ဘောဒီးယား)၊ ဖယ်လ်ကွန် (မွန်ဂိုလီးယား) အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် လေးသင်း သုံးအုပ်စု၊ အရှေ့အာရှဇုန်တွင် သုံးသင်း နှစ်အုပ်စုပါဝင်မည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အရှေ့အာရှဇုန် အုပ်စု (D) တွင် တရုတ်(တိုင်ပေ)၊ လာအိုကလပ်များနှင့် ကျရောက်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (D) ပွဲစဉ်များကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အရှေ့အာရှဇုန် အုပ်စုနှစ်ခုတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီမှာ နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် အုပ်စုသုံးခုမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်းမှာ နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်တွင် အရှေ့အာရှဇုန် လေးသင်း၊ အနောက်အာရှဇုန် လေးသင်း ပါဝင်မည်ဖြစ်သော်လည်း ဇုန်အလိုက်သာ ကစားရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် အရှေ့အာရှဇုန်မှ တစ်သင်း၊ အနောက်အာရှဇုန်မှ တစ်သင်း ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ အနောက်အာရှဇုန် အုပ်စုပွဲများကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်၊ အရှေ့အာရှဇုန်အုပ်စုပွဲများကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို တစ်ကျော့တည်းကျင်းပမည်ဖြစ်ပြီး ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ကို နှစ်ကျော့၊ ဗိုလ်လုပွဲကို တစ်ကျော့ ကျင်းပမည်ဖြစ်သည်။

အုပ်စု (D) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၇ ရက်တွင် ရှမ်းယူနိုက်တက် (မြန်မာ)နှင့် Young Elephant(လာအို)၊ အောက်တိုဘာ ၃၀ ရက်တွင် တိုင်နန်စီးတီး (တရုတ်တိုင်ပေ) နှင့် Young Elephant (လာအို)၊ နိုဝင်ဘာ ၂ ရက်တွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် တိုင်နန်းစီးတီး (တရုတ်တိုင်ပေ) တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

❍ *ကျောဖုံးမှ*

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံး နိုင်ပွဲရရှိခဲ့သည်။ နည်းပြ အာတီတာ၏ အာဆင်နယ်အသင်းသည် အဖွင့်ပွဲစဉ်တွင် စီးရီးအေကလပ် အတ္တလန္တာအသင်းနှင့် တွေ့ဆုံခဲ့ပြီး ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ထားသည်။

အာဆင်နယ် အသင်းသည် ပြိုင်ဘက် ပီအက်စ်ဂျီအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည့် အတွက် ဂိုးပြတ် နိုင်ပွဲဖော်ဆောင်နိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ဟာဗက်ဇ်နှင့် ဆာကာတို့က သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီ အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ် (၂)အပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ ပြိုင်ဘက် အာဆင်နယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ရရှိထားသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ် (၂)မှ အခြားသော ပွဲစဉ်ရလဒ်များတွင် ဘရက်စ်က ဆောလ်ဘတ်ကို လေးဂိုး – ဂိုးမရှိ၊ ဘာစီလိုနာက ယန်းဘွိုင်းကို ငါးဂိုး – ဂိုးမရှိ၊ လေဗာကူဆင်က အေစီမီလန်ကို တစ်ဂိုး – ဂိုးမရှိ၊ ဒေါ့မွန်က ဆဲလ်တစ်ကို ခုနစ်ဂိုး–တစ်ဂိုး၊ အင်တာမီလန်က ရက်စတားကို လေးဂို – ဂိုးမရှိ၊ မန်စီးတီးက စလိုဗန်ကို လေးဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး ပီအက်စ်ဗွီနှင့် စပို့တင်းအသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို စတုဂတ်နှင့် စပါတာပရက်ဂ် အသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

သုံးကြိမ်မြောက် ရယူနိုင်ခဲ့သည်။ အား/ကာသိပွဲအသင်းအတွက် အနိုင်ဂိုးများကို ၁၀၊ ၁၂၊ ၄၆ မိနစ်တွင် လင်းမြင့်မိုရ်၊ ၃၆ မိနစ်တွင် မိုးမိုးသန်း၊ ၃၉၊ ၇၄ မိနစ်တွင် သင်ဇာချို၊ ၄၃ မိနစ်တွင် ဟောမာန်စိုးတို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၁ မိနစ်တွင် ဖြူဖြူဝင်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် လင်းမြင့်မိုရ်က ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက YREO အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိသည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း ယခုပွဲ အနိုင်ရခဲ့သဖြင့် ဒုတိယနေရာ ရရှိရန် သေချာခဲ့သည်။ ရန်ကုန်ယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၃၆ မိနစ်တွင် မြနှင်းဝေ၊ ၅၇ မိနစ်တွင် စုစုကြည်၊ ၇၈ မိနစ်တွင် ဇင်မိုးပြည့်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား အေးအေးထွေးက ရရှိသည်။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ဒုတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရောဝတီအသင်းမှာမူ တတိယနေရာရရန် ဆက်လက်ရုန်းကန်ရမည် ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို စန္ဒာအောင်က ၉၊ ၁၁၊ ၂၂ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ရောဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၉ မိနစ်တွင် စန်းသော်သော်က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် စန္ဒာအောင်က ရရှိသည်။

ပွဲစဉ် (၁၉)အပြီးတွင် အား/ကာသိပွဲအသင်းက ၁၆ ပွဲကစား ၄၄ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ရန်ကုန် ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၃၆ မှတ်၊ ရောဝတီအသင်းက ၁၇ ပွဲကစား ၂၇ မှတ်၊ မြဝတီအသင်းက ၁၆ ပွဲကစား ၂၃ မှတ်၊ သစ္စာအားမာန်အသင်းက ၁၆ ပွဲကစား ၁၉ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲကစား ခုနစ်မှတ်၊ YREO အသင်းက ၁၇ ပွဲကစား ခုနစ်မှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ကျောင်းဆရာဆိုတာ နိုင်ငံကာကွယ်ရေးမှာလည်း တာဝန်ရှိသူများပါ

ဒေါက်တာမောင်သင်း

**"တကယ်တော့ နိုင်ငံတော်ကာကွယ်ရေးတွင် လက်နက်ကိုင်အဖွဲ့များတွင် တာဝန်ရှိသလောက် ကျောင်းဆရာများတွင်လည်း တာဝန်ရှိ၏။ ဤသည်မှာ ယဉ်ကျေးမှုမြင့်မားသော နိုင်ငံနှင့် လူ့အဖွဲ့အစည်းတို့၏ အစဉ်အလာဖြစ်၏"**

**ဘာထရန်ရပ်ဆဲလ်**

မြန်မာ့လူ့အဖွဲ့အစည်းက "ဆရာ" ကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထားပြီး အပူဇော်ခံအဆင့်တွင် ထားခဲ့သည်မှာ နှစ်ပေါင်းထောင်ချီကြာခဲ့ပါပြီ။ မည်သည့်အတွက်ဟုဆိုလျှင် ဆရာသည် လူတစ်ဦးချင်းမှသည် အဖွဲ့အစည်းတစ်ခုလုံး၏ တန်ဖိုးများ တက်လာအောင် ဆောင်ကြဉ်းပေးကာ လူသားကို အဆင့်မြင့်သည့် ဘဝပန်းတိုင်ဆီသို့ အရောက်ပို့ဆောင်ပေးနိုင်သူမို့ပါ။ ထို့အတူ သူတို့တွင် ကျရောက်မည့်အန္တရာယ်ကိုလည်း ကာကွယ်ပေးနိုင်စွမ်းရှိသူများ ဖြစ်ကြလို့ပါ။

ပြီးလျှင် မည်သည့်အခါမျှ တပည့်များကို အကျိုးနည်း၊ ဒုက္ခရောက်အောင် ပြုမူပြောဆို လုပ်ကိုင်လေ့မရှိကြသူများဖြစ်လို့ပါပဲ။ ယူနက်စကိုက သတ်မှတ်ထားသည့် မြင့်မြတ်သည့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း (Noble Professions) သုံးမျိုးရှိပါသည်။ လူသားမျိုးဆက်တိုင်းကို ပညာအလင်းရောင်ထွန်းညှိပေးသော ကျောင်းဆရာများ၊ ပြည်သူများကို ဘေးရန်အန္တရာယ်အသီးသီးမှ ကာကွယ်ပေးသော လက်နက်ကိုင်အဖွဲ့အစည်းများ (တပ်မတော်၊ ပြည်သူ့ရဲနှင့် ပြည်သူ့စစ်)နှင့် ပြည်သူများကို ရောဂါဘယကင်းဝေးအောင် ဆောင်ကြဉ်းပေးသော ကျန်းမာရေးဝန်ထမ်းများ (ဆရာဝန်၊ ကျန်းမာရေးမှူး၊ သူနာပြုစသည်) ဖြစ်ပါသည်။

ပညာရေးသည် လူမှုအဖွဲ့အစည်းရှင်သန်မှု၏ ဝိညာဉ်ပါပဲ။ သူကသာ လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးမှု၊ တိုးတက်မှုဆိုသည်တို့ကို ဆက်လက်ရှင်သန်ရန် စွမ်းဆောင်နိုင်လို့ပါ။ လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းအားလုံး၏ ဖွံ့ဖြိုးမှုမဏ္ဍိုင်ပါ။ လူသားတို့၏ မွေးရာပါ အရည်အသွေးကောင်းတွေကို ပိုမိုဖွံ့ဖြိုးအောင်၊ ထက်မြက်လာအောင် လေ့ကျင့်ပေးသည့် လုပ်ငန်းပါ။ ထိုလုပ်ငန်း၏ စွမ်းဆောင်ရည်မြင့်မားလေလေ လူသားတစ်ဦးချင်းစီမှာ လူ့ဘောင်ကောင်းကျိုးသယ်ပိုးမည့် ဗီဇကောင်းများ ပိုမိုထက်မြက်လာကြပြီး လူ့အဖွဲ့အစည်းကို ဖျက်ဆီးမည့်၊ ငြိမ်းချမ်းမှုကို ပျက်စီးစေမည့် ဗီဇဆိုး၊ ဗီဇညံ့များ ပျောက်ကွယ်လေလေပါပဲ။

ပညာရေးအဆင့်အတန်းမြင့်မားသည့် လူ့အဖွဲ့အစည်းတိုင်းသည် ကမ္ဘာ့ထိပ်တန်း၌ရှိကြပြီး ပညာရေးအဆင့်အတန်းနိမ့်ကျသော နိုင်ငံနှင့်လူမျိုးသည် ဖွံ့ဖြိုးမှုအားနည်းသော ဘဝမှာသာ ရှိနေကြပါသည်။ တိုးတက်ဖွံ့ဖြိုးမှုကို လိုလားကြသော လူသားတိုင်းနှင့် လူ့အဖွဲ့အစည်းတိုင်းက ပညာရေးကို အားပေးမြှင့်တင်နေကြပါသည်။ ထိုသို့ လူ့ဘောင်ကောင်းကျိုးအဖြာဖြာကို သယ်ပိုးသော ပညာရေးကို ရှေ့တန်းက အားကြိုးမာန်တက် အကောင်အထည်ဖော်နေသည်မှာ အရည်အသွေးထက်မြက်သည့် ကျောင်းဆရာများပါပဲ။




သို့ဖြစ်၍ **"ဖွံ့ဖြိုးသောနိုင်ငံ ဖြစ်လာရခြင်းမှာ သူ့နိုင်ငံသားများ ကောင်းကြ၊ တော်ကြလို့ပါ။ ကောင်းသလောက်၊ တော်ကြသော နိုင်ငံသားများ ကြွယ်ဝဖို့ကတော့ အဲဒီနိုင်ငံ၏ ပညာရေးမှာ အရည်အသွေးပြည့်ဝသည့် ဆရာကောင်း၊ ဆရာမြတ်များ ရှိနေမှ ဖြစ်မှာပါ"**ဟူသည့် စင်ကာပူဝန်ကြီးချုပ် (ငြိမ်း)လီရှန်လွန်း၏ စကားအရဆိုလျှင် **"နိုင်ငံဖွံ့ဖြိုးမှုမှာ ဆရာများ အရည်အသွေးမြင့်မားမှုက အခရာ"**ဟု ဆိုပါရစေ။

ပညာရေးနှင့် ကျောင်းဆရာသည် ရုပ်နှင့်နာမ် (Body and soul) လိုပါပဲ။ ခွဲထုတ်၍ မရပါ။ ကွဲကွာခဲ့လျှင် ရှင်သန်နိုင်စွမ်းမရှိတော့ပါ။ ပညာရေးကို ရှေ့တန်းမှ အကောင်အထည်ဖော်နေသူများဖြစ်သည့် ကျောင်းဆရာများသာမရှိလျှင် ပညာရေးဆိုတာလည်း မရှိနိုင်တော့ပါ။ ဤကမ္ဘာလောကမှာ လူမှုအသိုင်းအဝိုင်းက လေးစားပြီး ကလေးများ စံထားလောက်သော ကျောင်းဆရာစစ်စစ် (Role model teacher) များမရှိခဲ့လျှင် ဖွံ့ဖြိုးသည့်၊ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းဆိုတာ ရေထဲမှာ ရေးသောအရုပ်ဘဝမှာပဲ ရှိနေမှာပါ။

ပညာရေးညံ့ရင် နိုင်ငံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့် နိုင်ငံကာကွယ်ရေးလည်း ချွတ်ခြုံကျမှုနှင့် ရင်ဆိုင်ရပါလိမ့်မည်။ ပညာရေးမနိမ့်ကျစေရန်မှာ ယင်းကို အကောင်အထည်ဖော်နေသည့် ကျောင်းဆရာများ၏ စွမ်းရည်သည်လည်း အမြဲတမ်းမြင့်မားထက်မြက်နေရပါမည်။ ဘယ်လိုမှ ညံ့လို့မဖြစ်ပါ။ ဆရာသည် လူ့သမိုင်းစဉ်ဆက် မိမိအသိုင်းအဝိုင်းကို ဦးဆောင်ပြီး ပညာအလင်းရောင်ထွန်းညှိရင်း လူ့သမိုင်းကို မြှင့်တင်နေကြသူများ ဖြစ်လို့ပါ။

မြန်မာတို့သည် "ဘေးရန်ဆီးကာ"ဆိုသည့် ဆရာ၏ မြင့်မြတ်သော တာဝန်ကို ဆောင်းပါးအစတွင် "ဘာထရန်ရပ်ဆဲလ်" က ပြောခဲ့တာထက် နှစ်ပေါင်းထောင်ချီပြီး ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။ ကျောင်းဆရာသည် တပည့်တစ်ဦးချင်းစီကို မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော **"ဉာဏ်ရည်"**၊ **"စိတ်ထား"**၊ **"ပညာ"**နှင့် **"အလေ့အကျင့်"** ကို ဘဝတစ်လျှောက်လုံး ဘေးရန်ကင်းစွာ နေထိုင်သွားတတ်သည်အထိ လေ့ကျင့်ပေးကာ နိုင်ငံသားအားလုံးကို ဘေးအန္တရာယ်အပေါင်းကင်းဝေးအောင် စွမ်းဆောင်နိုင်စွမ်း ရှိကြသူများပါ။

**နိုင်ငံကာကွယ်ရေးအစ စာသင်ခန်းက**

နိုင်ငံကာကွယ်ရေးကို ပြောလိုက်လျှင် ပြည်တွင်း၊ ပြည်ပရန်များကို လက်နက်ကိုင်ပြီး ခုခံကာကွယ်နေကြသည်ကိုပဲ မြင်ကြပါသည်။ ဘရွတ် (Bruke) ဆိုသော ပညာရေးပညာရှင်က **"တကယ်တော့ ပညာရေးဟာ နိုင်ငံကာကွယ်ရေးလုပ်ငန်းပါ"**တဲ့။ လက်နက်ကိုင်ဖျက်ဆီးနေသူများသာလျှင် လူ့အဖွဲ့အစည်း၏ အဖျက်သမားစစ်စစ်မဟုတ်ကြပါ။ သူတို့ကို လက်နက်ကိုင်ဆောင်သည့်အဆင့် ရောက်အောင် စေ့ဆော်ပေးနေသော အန္တရာယ်မျိုးစေ့များကလည်း မူလ အဖျက်သမားစစ်စစ်များပါပဲ။ ယင်းတို့မှာ -

**(က) အသိဉာဏ်ပညာ ဆင်းရဲမွဲတေခြင်း၊**
**(ခ) နိုင်ငံကြီးသား စိတ်ထားကင်းမဲ့ခြင်း၊**
**(ဂ) အကျင့်စာရိတ္တ ချွတ်ခြုံကျခြင်း၊**
**(ဃ) အမျိုးသားရေး "စံ"များ ပျက်သုဉ်းခြင်း၊**
**(င) အစွန်းရောက်မှုမြင့်မားခြင်းနှင့် တရားမျှတမှုအားနည်းခြင်း၊**
**(စ) ဒီမိုကရေစီစိတ်ထားနှင့် အလေ့အကျင့်များခေါင်းပါးခြင်း၊**
**(ဆ) ဘိုးဘွားအမွေအစစ်ကို ထိန်းသိမ်းရမည်ဟူသော ခံယူချက်ကင်းမဲ့ခြင်းတို့ပါပဲ။**

နိုင်ငံသားအများစုထံ ထိုအဖျက်တရားများ ဝင်ရောက်နေပြီး စုမိနေပြီဆိုလျှင်ဖြင့် နိုင်ငံရေးကျိန်စာသင့်ကာ သူတစ်ပါး၏ အဝေးထိန်းစနစ်ဖြင့် မှိုင်းမိပြီး ပြောသမျှယုံကာ ထာဝရလွှမ်းမိုးမှုခံရသည့် ကျွန်ဖြစ်ပြီး ငြိမ်းချမ်းမှုကင်းမဲ့ကာ နိုင်ငံနှင့်လူမျိုးပါ ကမ္ဘာ့မြေပေါ်မှ ကွယ်ပျောက်သွားပါလိမ့်မည်။ ထိုဘဝမျိုး၊ အဖြစ်မျိုးကို မိမိတို့ ဘယ်လိုမှ အရောက်မခံ၊ အဖြစ်မခံနိုင်ပါ။ ယနေ့ခေတ် ကျောင်းဆရာများသည် စာသင်ခန်းထဲတွင် လူမမယ်မျိုးဆက်များကို ထိုအဖျက်မျိုးစေ့များ ထိုးဖောက်ဝင်ရောက်မယ့်ဘေးမှ ပညာစွမ်းအားဖြင့် ရှုပ်ရှုပ်ချုံချုံ ကာကွယ်နိုင်ပြီး နိုင်ငံ့ကောင်းကျိုးကို အစွမ်းကုန်သယ်ပိုးမည့် **"တန်ဖိုးပြည့် နိုင်ငံသားမျိုးစေ့ကောင်းများ"**ကို မလွဲမသွေဖြည့်ဆည်းပေးရန် တာဝန်ရှိပါသည်။ **"စာသင်ခန်းသည် ကာကွယ်ရေးမျိုးစေ့ကောင်းဖြစ်သည့် ဉာဏ်ပညာစတင်စိုက်ပျိုးရာနေရာ"** ဟုဆိုပါရစေ။ သို့မှသာ မြန်မာ့လူ့အဖွဲ့အစည်းဟာ မငြိမ်းချမ်းမှုကင်းဝေးပြီး သာယာဖွံ့ဖြိုးမှာပါ။

**(က) အသိဉာဏ်ပညာဆင်းရဲမွဲတေမှုကို တိုက်ဖျက်နေကြသူများ**

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် လူငယ်ပညာတတ်များက အမျိုးသားကျောင်းဆရာ (သခင်နု၊ သခင်မြ၊ ဦးသန့်၊ ဦးရာဇတ်၊ ဦးဘဝင်း၊ ဦးဖိုးကျား...စသူများ) အလုပ်ဝင်လုပ်ကြပြီး ကျွန်ပြုခံထားရသဖြင့် "ဘဝအလင်းရောင်မဲ့" နေသော မြန်မာတိုင်းရင်းသားလူငယ်များကို **"အမျိုးသားပညာရေးဖြင့် ပညာအလင်းရောင်"** ထွန်းညှိပေးခဲ့ပါသည်။ တစ်တိုင်းပြည်လုံး အမျိုးသားရေးစိတ်ဓာတ် ကြွယ်ဝလာကြပြီး တွန်းလှန်ခဲ့ကြသဖြင့် နောက်ဆုံးလွတ်လပ်ရေးရကြကာ မြန်မာတို့ **"သခင်ဘဝ"** ပြန်ရောက်ခဲ့ကြပါသည်။

ပညာဉာဏ်ရောင်သည် ကျွန်ဘဝလူသားကို သခင်ဘဝဆီသို့ ပြောင်းလဲနိုင်စွမ်းရှိခဲ့သည်မှာ သမိုင်းသက်သေပါ။ လူငယ်များက ထိုအစဉ်အလာကောင်းကို မြင်တတ်ရန်နှင့် ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းဖွံ့ဖြိုးစေရန် ကျောင်းဆရာများက လူငယ်များ၏ ပညာတံခါးကို ဖွင့်ပေးရပါလိမ့်မည်။ ပါမောက္ခဘဝမှ အိန္ဒိယသမ္မတကြီးဖြစ်လာသူ အဗ္ဗဒူကာလန်ကတော့ လူငယ်တို့၏ ဦးနှောက်ကို **"ပညာမီးညှိ"**ပေးပါတဲ့။ ကိုယ့်ခေတ်မှာ ကိုယ့်ကောင်းမွန်သည့် သမိုင်းပေးတာဝန်ဖြစ်သော ဖွံ့ဖြိုးငြိမ်းချမ်းသာယာပြီး **"ဂုဏ်ရှိန်မြင့်တဲ့ မြန်မာ့လူ့ဘောင်ပေါ်ထွန်းရေး"**ကို ကျောင်းဆရာများ ဆက်လက်ကျေပွန်အောင် ထမ်းဆောင်ရပါလိမ့်မည်။

**(ခ) နိုင်ငံကြီးသားတွေ မွေးထုတ်ပေးနိုင်ကြသူများ**

နိုင်ငံနှင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှု၊ သာယာမှု၊ ဖွံ့ဖြိုးမှုရှိရန်ဆိုလျှင် ထိုလူ့အဖွဲ့အစည်းဝင်တိုင်းက

စာမျက်နှာ ၁၇ သို့

**❖ မြင့်မြတ်စိတ်ထား ပိုင်ဆိုင်လာစေရန် ကျောင်းဆရာသည် ကလေးဘဝအချိန်ကတည်းက လေ့ကျင့်ပေးခြင်းဖြင့် မျိုးဆက်သစ်များတွင် ကြီးနိုင်ငယ်ညှဥ်းပြုတတ်သူ၊ အတ္တကြီးသူ၊ ရန်လိုစိတ်ကြီးသူ၊ စာနာစိတ်မရှိသူ၊ တာဝန်ယူမှုကင်းသူ၊ စည်းကမ်းမဲ့၊ တာဝန်မဲ့သူ စသည့် လူ့လောက၏ ငြိမ်းချမ်းသာယာမှုကို ဖျက်ဆီးမည့် ဗီဇဆိုး၊ ဗီဇညံ့များအားလုံး ပျောက်ကွယ်သွားပါလိမ့်မည်။ ထိုဗီဇဆိုးများ ပျောက်ပြီး လောကပါလတရားများ လွှမ်းမိုးနေသည့် နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသူ များနိုင်သမျှ များများကို ကျောင်းဆရာများက မွေးထုတ်နိုင်ပြီဆိုလျှင် လူ့အဖွဲ့အစည်းလည်း အဖျက်အန္တရာယ်ကင်းပြီး ငြိမ်းချမ်းမှုအပေါင်းနှင့် ပြည့်ဝလာပါလိမ့်မည်**

# ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ ရှမ်းပြည်နယ်အတွင်း ရေဘေးသင့်ဒေသများရှိ ပြည်သူ့ဆေးရုံများသို့ သွားရောက်ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းသည် ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီတွင် ခရိုင်ပြည်သူ့ဆေးရုံ၊ ကလောမြို့သို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရေဘေးသင့်လူနာများ အပါအဝင် ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဟိုပုံးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၏ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးကုသဆောင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။ ထို့နောက် ရေဘေးဒဏ်ခံစားရသော ဟိုပုံးမြို့နယ် စံဖူးကျေးရွာရှိ စံဖူးကျေးလက်ကျန်းမာရေးဌာနသို့ ကွင်းဆင်းကြည့်ရှုကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်းသို့ သွားရောက်ပြီး သင်တန်းကျောင်းရှိ အုပ်ချုပ်သူများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူရေးအတွက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ဝင်များ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်က ဆောင်ရွက်စဉ်။ (နတ်မောက်မြို့နယ်တွင် ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁ အုပ်စု၊ ကျေးရွာပေါင်း ၁၂၇ ရွာ၌ ကောက်ကွက်ပေါင်း ၂၈၆ ကွက် ရှိကြောင်း သိရသည်။) မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းပျဉ်းမြို့၌ မြို့နယ်သန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် စာရင်းကောက်များက ကွင်းဆင်းသန်းခေါင်စာရင်း ကောက်ယူနေစဉ်။

သတင်းစဉ်

# သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

*စာမျက်နှာ ၁၆ မှ*

**‘နိုင်ငံကြီးသားစိတ်ထား’**ဆိုသည့် တာဝန်သိမှု၊ တာဝန်ယူမှု၊ စည်းကမ်းကို ရိုသေလေးစားတန်ဖိုးထားမှုနှင့် ကိုယ်ချင်းစာတရားများနှင့် ပြည့်စုံရပါမည်။ မိမိ၏ ကိုယ်ကျိုးစီးပွားသယ်ပိုးမှုက သူများအကျိုး မထိခိုက်စေရန်နှင့် မိမိလုပ်သမျှသည် အနည်းဆုံး မိမိဝန်းကျင်ကောင်းကျိုးသယ်ပိုးနိုင်မှု ပြည့်စုံရမည်ဆိုသည့် **“ပရဟိတ”** စိတ်ထား ပိုင်ဆိုင်ရပါမည်။ ထို့အပြင် အချင်းချင်းတစ်ဦးနှင့် တစ်ဦး အပြန်အလှန်ရိုင်းပင်းကူညီမှု၊ နားလည်မှု၊ လေးစားတန်ဖိုးထားမှုများ ပြည့်လွှမ်းနေမှု၊ နိုင်ငံနှင့် မိမိအသိုင်းအဝိုင်းကို နိမ့်ကျတာ မခံချင်စိတ်၊ မြှင့်တင်လိုစိတ်၊ မိမိလူမျိုးနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ပြီး မြှင့်တင်လိုစိတ်များလည်း ပြည့်နေရပါမည်။

အထက်ပါ မြင့်မြတ်စိတ်ထား ပိုင်ဆိုင်လာစေရန် ကျောင်းဆရာသည် ကလေးဘဝအချိန်ကတည်းက လေ့ကျင့်ပေးခြင်းဖြင့် မျိုးဆက်သစ်များတွင် ကြီးနိုင်ငယ်ညှဉ်းပြုတတ်သူ၊ အတ္တကြီးသူ၊ ရန်လိုစိတ်ကြီးသူ၊ စာနာစိတ်မရှိသူ၊ တာဝန်ယူမှုကင်းသူ၊ စည်းကမ်းမဲ့၊ တာဝန်မဲ့သူ စသည့် လူ့လောက၏ ငြိမ်းချမ်းသာယာမှုကို ဖျက်ဆီးမည့် ဗီဇဆိုး၊ ဗီဇညံ့များအားလုံး ပျောက်ကွယ်သွားပါလိမ့်မည်။ ထိုဗီဇဆိုးများပျောက်ပြီး လောကပါလတရားများ လွှမ်းမိုးနေသည့် နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသူများနိုင်သမျှ များများကို ကျောင်းဆရာများက မွေးထုတ်နိုင်ပြီဆိုလျှင် လူ့အဖွဲ့အစည်းလည်း အဖျက်အန္တရာယ်ကင်းပြီး ငြိမ်းချမ်းမှုအပေါင်းနှင့် ပြည့်ဝလာပါလိမ့်မည်။

**(ဂ) မျိုးဆက်တိုင်းကို အကျင့်စာရိတ္တမြင့်မားအောင် မြှင့်တင်နေကြသူများ**

လူ့တန်ဖိုးမြင့်တက်ခြင်းနှင့် ဖွံ့ဖြိုးမှုကို တိုင်းတာသည့် **“စံပေတံ”** များအနက် **“စာရိတ္တပေတံ”** သည် ရှေးအကျဆုံးနှင့် ခေတ်အမီဆုံးဖြစ်၍ ယနေ့တိုင်ထိပ်ဆုံးမှထားပြီး တိုင်းတာနေဆဲပါ။ **“ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းသာယာမှု၏ အခြေခံအုတ်မြစ်ပါပဲ၊ ပညာရေး၏ အနှစ်သာရ၊ ပညာရေး၏အဆုံးစွန်ဆုံးပန်းတိုင်သည် အကျင့်စာရိတ္တပျိုးထောင်ရေး”** ဟု ဂရိအတွေးအခေါ် ပညာရှင်ကြီး **“ပလေတို”** ပြောခဲ့ပါသည်။ မြန်မာ့ပညာရေးတွင် နှစ်ပေါင်းထောင်ချီပြီး ကျင့်သုံးခဲ့သည်မှာ **“ဗလငါးတန်”** ခိုင်မာရေးပါ။ ထိုအထဲမှာ **“စာရိတ္တဗလ”**ကြံ့ခိုင်ရေးကို ရှေ့ဆုံးမှာထား လေ့ကျင့်ပေးနေပါသည်။

**“ကလေးများကို စာရိတ္တဖွံ့ဖြိုးအောင်၊ ခိုင်မာအောင် လေ့ကျင့်မပေးဘဲ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်သက်သက်လောက်ကိုသာ သင်ပေးလိုက်လျှင် လူ့တန်ဖိုးအစစ်ကို ချန်ထားခဲ့သည်မို့ ပညာရေး၏ အဓိကတာဝန်ကို ကျောင်းဆရာများက မျက်ကွယ်ပြုလိုက်တာပါပဲ”**တဲ့။ ဒါကလည်း ဆောင်းပါးအစတွင် ပြောခဲ့သူ ဘာထရန်ရပ်ဆဲလ်၏ အဆိုပါပဲ။ ကျောင်းဆရာတို့၏ အဓိကတာဝန်ကို ချန်ထားလို့ မဖြစ်ပါ။ မဖြစ်မနေထမ်းဆောင်ရပါမည်။ အဲဒီတာဝန်လစ်ဟင်းခဲ့၍ အနာဂတ်လူ့ဘောင်တွင် **“တန်ဖိုးနိမ့်လူသား”** များသာ ပြည့်လျှမ်းနေခဲ့လျှင် မြန်မာ့လူ့အဖွဲ့အစည်းသည် ဖွံ့ဖြိုးမှုပန်းတိုင်နှင့် အလှမ်းကွာဝေးသွားမှာပါ။

ပညာရေးပညာရှင် **“လစ်ဗင်စတုန်း”** ကလည်း **“သမိုင်းမှာရော ယနေ့မှာပါ ကြုံတွေ့နေရသည့် နိုင်ငံရေးပြဿနာဆိုတာတွေက လူ့စာရိတ္တအားနည်းမှုကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများပါပဲ”**တဲ့။ စာရိတ္တသည် လူ့သမိုင်းနှင့်ချီပြီး ခိုင်မာလာခဲ့သည့် လူသား၏ တန်ဖိုးအစစ်အမှန်ပါ။ လူ့အဖွဲ့အစည်း ငြိမ်းချမ်းဖို့၊ သာယာဖို့ တည်ရှိလာခဲ့တာပါ။ ချည့်နဲ့ယိမ်းယိုင်ခဲ့လျှင် လူ့သမိုင်းဒုက္ခနှင့် ရင်ဆိုင်ရတော့တာပါပဲ။ လူ့သမိုင်း ဘယ်လိုတိုးတက်တိုးတက်၊ ထိုတိုးတက်တာနှင့်အတူ ယှဉ်တွဲပြီး အတူပါလာသည်မှာ **“ကြံ့ခိုင်တဲ့ စာရိတ္တမဏ္ဍိုင်”** ပါပဲ။ သူကသာ ဖွံ့ဖြိုးမှုအစစ်အမှန်ကို ထိန်းသိမ်းနိုင်စွမ်းရှိလို့၊ လမ်းညွှန်ပြနိုင်လို့ပါ။

စစ်မှန်တဲ့ လူ့တန်ဖိုးဆိုတာ ရိုးသားမှု၊ တရားမျှတမှု၊ နိုင်လိုမင်းထက်ကင်းမှု၊ သည်းခံမှု၊ မနာလိုဝန်တိုမှုစိတ်ကင်းမှု၊ လူ့ကျင့်ဝတ်နှင့် စည်းကမ်းကို ရိုသေလေးစားမှုနှင့် စာရိတ္တ မြင့်မားမှုစတာတွေပါ။ ယနေ့ မိမိတို့၏ ကျောင်းဆရာများတွင် ထိုတန်ဖိုးကို ဦးထိပ်ထားပြီး ကိုယ်တိုင်လည်းကျင့်ကြံကာ လူငယ်များကိုလည်း လေ့ကျင့်ပေးနိုင်ပါမှသာ စာရိတ္တခိုင်မာသော ဖွံ့ဖြိုးငြိမ်းချမ်းမှုပြည့်လျှမ်းသည့် နိုင်ငံ့၏အုတ်မြစ်ကို ချနိုင်စွမ်းရှိကြပြီး နိုင်ငံကို ကာကွယ်ပေးနေသော **“ကျောင်းဆရာ”** ဘဝ ရောက်ကြမှာပါ။

**(ဃ) အမျိုးသား “စံ” များပျက်သုဉ်းမှုကို ထိန်းသိမ်းကာကွယ်နေကြသူများ**

ပညာရှင်များက **“ကမ္ဘာ့လူမျိုးစုငယ်လေးများ အလျင်အမြန်ပျောက်ကွယ်နေပါပြီ။ ထိန်းသိမ်းပေးကြပါတဲ့။”** လူမျိုးကွဲများနှင့် သွေးနှောပြီး လူမျိုးခံရ၍ မဟုတ်ပါ။ လူမျိုးတစ်မျိုးလို့ သတ်မှတ်နိုင်သည့် **“အမျိုးသားစံ”**များဖြစ်သည့် **“ဘာသာစကား”**၊ **“စာပေ”**၊ **“အနုပညာ”**၊ **“ဂီတ”**၊ **“ရိုးရာဓလေ့”**နှင့် **“ဝတ်စားဆင်ယင်မှု”** များ ပျောက်ဆုံးကုန်လို့ပါ။ အရှေ့တိုင်းဆိုလျှင် အနောက်တိုင်းယဉ်ကျေးမှုက နည်းမျိုးစုံဖြင့် ထိုးဖောက်ပြီး ဖျက်ဆီးခြင်းကို ခံနေရပါသည်။ ထို့အတူ ဘာသာစကားကြီးငါးမျိုး၊ (တရုတ်၊ အာရေဗျ၊ ဟင်ဒီ၊ အင်္ဂလိပ်နှင့် စပိန်) တို့က ဝါးမြိုသဖြင့် ကမ္ဘာ့ဘာသာစကားငယ်ပေါင်း နှစ်စဉ် ၁၀၀ ခန့် ပျက်သုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပါသတဲ့။

ယနေ့ ၂၁ ရာစုနှင့် ခေတ်မီပညာရေးဆိုသည်မှာ လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအား ဝင်ရောက်ကျူးကျော်လွှမ်းမိုးသည်ကို ကြံ့ကြံ့ခံတွန်းလှန်နိုင်ပြီး မိမိလူမျိုး၏ “အမျိုးသားစံ” များကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်စွမ်းရှိနေအောင် လေ့ကျင့်ပေးရမည့်ပညာရေးပါ။ ဤသို့ နိုင်ငံနှင့်လူမျိုး၏ **“အမျိုးသားစံ”** များကို ကာကွယ်ထိန်းသိမ်းရင်း မိမိလူမျိုး၊ နိုင်ငံနှင့် လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးခြင်းဆီသို့ ချီတက်သွားနေသည့် ပညာရေးသည် **“မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်နိုင်စွမ်းရှိသည့် ပညာရေး”** အမျိုးအစားပါ။

အမျိုးသားရေး ကိုယ်ခံစွမ်းအားနည်းသည့် ဒေသများတွင် လူမျိုးစုငယ်များ၏ **“စံ”** များ အလျင်အမြန်ပျောက်ဆုံးနေသည်ကို ကမ္ဘာတစ်ဝန်းမှာ တွေ့ရပါသည်။ ကျောင်းဆရာသည် ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်မြှင့်တင်ပေးရန် တခြားလူတန်းစားထက် ပိုမိုတာဝန်ရှိသည်ဖြစ်၍ အထူးသဖြင့် တိုင်းရင်းသားပေါင်းစုံသည့် မိမိတို့နိုင်ငံတွင် မိမိနှင့်နီးစပ်ရာ ယဉ်ကျေးမှုကို ကိုယ်တိုင်နားလည်ကာ ယင်းကိုချစ်တတ်၊ မြတ်နိုးတတ်ပြီး မြှင့်တင်နိုင်သည့် ခွန်အားနှင့်လည်း ပြည့်စုံရပေမည်။ နိုင်ငံသူနိုင်ငံသားများ၏ **“အမျိုးသားစံ”**များ ပျောက်ပြီး လူမျိုးကွယ်ပျောက်မည့် အန္တရာယ်ကို တားဆီးကာကွယ်ရန်အတွက် မိမိနိုင်ငံနှင့် လူမျိုး၏ **“ဝိသေသစံ”** များကို ချစ်မြတ်နိုးတန်ဖိုးထားတတ်အောင် ကျောင်းဆရာများက မြန်မာတိုင်းရင်းသားမျိုးဆက်သစ်များကို မလွဲမသွေ လေ့ကျင့်သင်ကြားပေးရမည့်အချိန်ပါ။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် အမျိုးသားကျောင်းဆရာများက မိမိတို့၏ တပည့်များကို အမျိုးသားရေးသန္ဓေမျိုးစေ့တွေ ချပေးခဲ့ပါသည်။

ကိုယ့်ယဉ်ကျေးမှု၊ စာပေ၊ စကားအပေါ် အင်္ဂလိပ်တို့၏ ယဉ်ကျေးမှုကျူးကျော်မှုကို တွန်းလှန်ကာကွယ်ခဲ့သဖြင့် မြန်မာစာပေနှင့် မြန်မာစကားသည် ယနေ့တိုင် ထည်ထည်ဝါဝါဖြင့် တည်ရှိနေဆဲပါ။ ယနေ့မှာ မိမိတို့နိုင်ငံသည် ကမ္ဘာကို လွှမ်းမိုးသော ဘာသာစကားကြီးနှစ်ခုဖြစ်သည့် တရုတ်နှင့် ဟင်ဒီဘာသာစကားတွေကြားမှာ ရောက်နေသည်မို့ အလွန်စိုးရိမ်နေရသော အချိန်နှင့် အခြေအနေပါ။ ပြီးတော့ကမ္ဘာသုံးစကားဖြစ်သည့် အင်္ဂလိပ်စာကိုလည်း သင်ယူနေသေးတာကြောင့် ယနေ့မြန်မာကျောင်းဆရာများသည် သတိအမြဲကပ်ပြီး မိမိတို့၏ စာပေနှင့် ဘာသာစကားကို ထိန်းသိမ်းကာကွယ်မြှင့်တင်နေရပါလိမ့်မည်။ တစ်ချိန်က မြင့်မားသည့် သမိုင်းအစဉ်အလာကောင်းကို မလွဲမသွေ ဆက်လက်ထိန်းသိမ်းနိုင်ပါမှ မြန်မာစာ၊ မြန်မာစကားနှင့် ရိုးရာယဉ်ကျေးမှုများသည် ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့ရှင်သန် ဖွံ့ဖြိုးနိုင်မှာပါ။

*(ဆက်လက်ဖော်ပြပါမည်)*

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂) ခုရှိရာ အောက်တိုဘာ ၂ ရက်၌ ပေါင်းလောင်း ရေလှောင်တမံတွင် (၃ ဒသမ ၂၈) ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ (၀ ဒမသ ၁၃)ပေ တိုးလာခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန် မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံ အမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၃၈၃၁ | ၆၂၆.၆၇ | ၅၆၃၄၄၇ | ၁၆၇၇၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၂၈ | ၁၆၄၅၈ | ၁.၀၅ | ၆၂၆.၅၄ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၀၁၅ | ၆၂၆.၇၀ | ၂၇၈၉၇ | - | ၈.၃၀ | ၈၆၀၃ | - | - | ၂.၀၀ | ၆၂၄.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၅၉၈ | ၅၁၈.၈၅ | ၈၈၆၃၁ | ၁၄၈ | ၁.၁၅ | ၃၁၃၉ | - | - | ၀.၄၈ | ၅၁၈.၇၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၁၅ | ၁၀၈၂၇ | ၇ | ၁.၈၅ | ၁၄၃၀ | - | - | ၀.၄၆ | ၅၁၀.၂၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၇၄၀ | ၄၃၇.၉၀ | ၆၉၇၀၀ | ၂၄ | ၁.၁၀ | ၃၃၀၀ | - | - | ၂.၀၀ | ၄၃၇.၇၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၇၈ | ၅၃၅.၀၀ | ၇၅၀၀၀ | - | - | - | ကန်ရေပြည့် | | ၁.၀၀ | ၅၃၅.၀၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁၂ | ၄၁၆.၅၆ | ၇၉၀၅ | - | ၁.၄၄ | ၈၁၃ | - | - | ၀.၂၇ | ၄၁၆.၅၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၂၉၇ | ၇၀၂.၈၀ | ၁၀၃၅၈၃ | ၂ | ၇.၂၀ | ၃၉၅၀၇ | - | - | ၀.၅၈ | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၁၃ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၁၈ | ၈၆၄.၅၀ | ၁၀၇၀၁ | - | ၅.၅၀ | ၃၈၉၉ | - | - | ၀.၉၅ | ၈၆၄.၄၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၂၅ | ၆၇၄.၀၀ |

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၈၃၈၆၀၂ ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၉ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ ယာဉ်အပိုပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၅၈၄၂၅၀၇ ကိုလည်းကောင်း၊ အောက်တိုဘာ ၁ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်) ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၅၆၈၁၁၀၉) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံဒိုးမြို့ အမှတ်(၁)ရပ်ကွက် ကုန်းပေါ်ဈေးအနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုးခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၄၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Forland Dump Truck သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့နယ် နောင်လုံကျေးရွာအနီး၌ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၁၆၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၀၅၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ နမ့်လမ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် နမ့်လမ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၉၅၄၉၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး၊ Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၀၀၀၀၀ ကိုလည်းကောင်း၊ မြစ်ငယ် စစ်ဆေးရေးစခန်း၌ ရွာငံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၉၆၅၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊(၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ကျောက်မဲမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးနှင့် Hino Ranger Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀ ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၈၉၅၄၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် (၁)တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၅၄၀၉၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၈၈၆ တန်၊ သစ်မာ ၂ ဒသမ ၁၃၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၅၇၁၂ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၇၅၇၁၂)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၂၅ ရက်နှင့် အောက်တိုဘာ ၁ ရက်၊ ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၄၀)၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၇၅၆၆၉၁၁) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိ ဆင်းတုတော်နှစ်ဆူအတွက် စံကျောင်းတော်နှစ်ဆောင် ဆောက်လုပ်နေမှု၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှု



**စစ်တွေ အောက်တိုဘာ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးတွင် တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိ ဆင်းတုတော်နှစ်ဆူအတွက် စံကျောင်းတော်နှစ်ဆောင် ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုပြီး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် ရှေးဟောင်းသမိုင်း အောင်စကြာမုနိဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြပြီး စေတီတော်မြတ်ကြီးဘက်စုံပြုပြင်နိုင်ရန်နှင့် အောင်စကြာမုနိ သိမ်တော် ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်ကြီး၏ ရင်ပြင်တော်တွင် တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိ ဆင်းတုတော်နှစ်ဆူအတွက် စံကျောင်းတော်နှစ်ဆောင် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုပြီး စံကျောင်းတော်ဆောက်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး လမ်းဦးစီးဌာန ဦးစီးမှူးတို့က စံကျောင်းတော်များ ဆောက်လုပ်နေမှု၊ ဆက်လက်ဆောက်လုပ်ရမည့် အစီအမံများကိုရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က စံကျောင်းတော်နှစ်ဆောင်ကို ခံ့ညားထည်ဝါသပ္ပာယ်စွာ တည်ဆောက်နိုင်ရေး စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေလေဆိပ်တွင် ပျက်စီးနေသော ခြံစည်းရိုးများကို ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီနိုင်ရေး လုပ်ဆောင်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘုမေကျေးရွာဈေးအတွင်း ဈေးသူ၊ ဈေးသားများ အေးချမ်းစွာ ဈေးရောင်းချနေမှုနှင့် ကုန်ပစ္စည်းများ ရောက်ရှိရောင်းချနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့များက အိမ်တိုင်ရာရောက် သန်းခေါင်စာရင်းကောက်ယူနေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)၊ ဓာတ်ပုံ-ဝင်းမင်းစိုး

## စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## သာယာဝတီထောင်တွင် နိုင်ကျဉ်းအမျိုးသမီးတစ်ဦးကို သံအချွန်ဖြင့်ထိုးသော အကျဉ်းသူကို ထောင်အာဏာပိုင်များက အရေးယူမှုမရှိဟု Khit Thit သတင်းဌာနက မဟုတ်မမှန်လုပ်ကြံရေးသားဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၂**

Khit Thit Media အမည်ခံ Facebook Page တွင် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက "သာယာဝတီထောင်တွင် နိုင်ကျဉ်းအမျိုးသမီးတစ်ဦးကို သံအချွန်ဖြင့်ထိုးသော အကျဉ်းသူကို ထောင်အာဏာပိုင်များက အရေးယူမှုမရှိ" ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်မှန်အားစိစစ်ရာ သာယာဝတီဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသား/သူဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကို ချိုးဖောက်၍ တရားရုံးကပြစ်ဒဏ်ပေးထားသော အကျဉ်းသား/သူများသာရှိကြောင်း ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီခွဲတွင် အမျိုးသမီးအိပ်ဆောင်မှ အကျဉ်းသူ မချစ်မိုးဆွေ(ခေါ်) ဂေါ်ဖီထုပ်သည် သွားတိုက်ဆေးပျောက်ဆုံးရာမှ ၎င်းနှင့်ကပ်လျက်နေသူ အကျဉ်းသူ မလှလှဝင်း (ခ) မအသေးလေးနှင့် အချင်းများရာမှ လုံးထွေးရန်ဖြစ်ခဲ့ကြောင်း၊ ထိုသို့ ရန်ဖြစ်ရာတွင် မည်သည့်လက်နက်မှမပါဘဲ လုံးထွေးသတ်ပုတ်ခြင်းသာဖြစ်ပြီး ဦးစီးအရာရှိ ဒေါ်နန်းတင်က ဖြစ်စဉ်အား ထောင်တာဝန်ခံအရာရှိထံ သတင်းပို့တင်ပြခဲ့ရာ ထောင်တာဝန်ခံအရာရှိက အဆိုပါ အကျဉ်းသူနှစ်ဦးအား ရန်ဖြစ်ခြင်းပြစ်မှုအတွက် စာဖြင့်သတိပေးပြစ်ဒဏ်ချမှတ်ခဲ့ပြီး အိပ်ဆောင်ပြောင်းပေးခဲ့ကြောင်း။

ထောင်အာဏာပိုင်များက အရေးယူမှုမရှိဆိုသည်မှာ မှန်ကန်မှုမရှိဘဲ သာယာဝတီဗဟိုအကျဉ်းထောင်တွင် နေ့စဉ်သာမန်ရှာဖွေခြင်း၊ ရှောင်တခင်ရှာဖွေခြင်း၊ အထူးရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကျဉ်းထောင်ရှာဖွေရေးများ တင်းကျပ်စွာဆောင်ရွက်သည့်အတွက် သံချွန်လက်နက်ရှိနေခြင်း၊ ထိုးနှက်ခြင်းမှာ လုံးဝမဖြစ်နိုင်ကြောင်း၊ မချစ်မိုးဆွေ(ခေါ်) ဂေါ်ဖီထုပ်သည် ယခုတစ်ကြိမ်သာ စကားများရန်ဖြစ်ခြင်းဖြစ်သောကြောင့် ဒုတိယအကြိမ် ကိုယ်ထိလက်ရောက် ကျူးလွန်သည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရသည်။

ဦးစီးအရာရှိ ဒေါ်နန်းတင်သည် ထောင်ဖွင့်ချိန်မှ ထောင်ပိတ်ချိန်အထိ အမျိုးသမီးအိပ်ဆောင်တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ပြီး မည်သည့်အကျဉ်းသူများကိုမဆို ဘက်မလိုက်ဘဲ အကျဉ်းထောင်အက်ဥပဒေ၊ နည်းဥပဒေနှင့်အညီသာ အုပ်ချုပ်လျက်ရှိကာ အကျဉ်းသူများအပေါ်တွင် သွေးခွဲအုပ်ချုပ်ခြင်း၊ ဖိနှိပ်ခြိမ်းခြောက်ခြင်း၊ အကျဉ်းသူ မိသားစုများထံတွင် ငွေကြေးတောင်းခံခြင်းများမရှိဘဲ ဥပဒေမဲ့ဆောင်ရွက်ကြောင်း အထောက်အထားဖြင့် တင်ပြလာပါက စစ်ဆေး၍ ပေါ်ပေါက်ပါက အရေးယူမည်ဖြစ်သည်။

သာယာဝတီဗဟိုအကျဉ်းထောင်အနေဖြင့် ၎င်းအကျဉ်းသူနှစ်ဦးအား တရားဝင်အပြစ်ပေးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီး ထောင်တာဝန်ခံအရာရှိမှ ပြင်ပသို့ မပေါက်ကြားစေရန် အကျဉ်းသူများကို ခြိမ်းခြောက်ပြောဆိုခြင်းများ မရှိကြောင်း၊ Khit Thit Media အမည်ခံ Facebook Page ကဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံသတင်း ဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၂၅၂ | ၂၁၉၇၆၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၆၅၄ | ၂၂၅၈၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀ | ၁၉၀၀ | ၅၀၅၂ | ၉၀၉၈၇၅၀ |
| TMH | ၂၅၀၀ | ၂၉၀၀ | ၁၃၉၂ | ၃၅၉၆၃၅၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၁၇၇၀ | ၃၀၁၄၀၀၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၄၅၀ | ၃၅၀၀ | ၆၂၃ | ၂၁၄၉၄၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၀ | ၀ |



အောက်တိုဘာ ၂ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း စာရင်းကောက်ယူနေမှုကို နမ့်စန်တပ်နယ်မှ ဗိုလ်ချုပ် စိုးအောင်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုစဉ်။ သူရအောင်(နမ့်စန်)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

